# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ အင်္ဂါနေ့၊ (15-5-2007) (၅၁၁၈)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နေပြည်တော်ဒေသသည် ယခင်က ကြံအလွန်ထွက်ရှိသည့် ဒေသဖြစ်
## ဆင်းရွှေလီကြံသည် တစ်ဧက ပျမ်းမျှတန် ၅၀ ကျော်ထွက်သည့်အတွက် တိုးချဲ့စိုက်ပျိုးရန်လို

နေပြည်တော် မေ ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်သည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်အတူ မေ ၁၃ ရက် ညနေ ၃ နာရီတွင် တောင်ညိုတပ်နယ်ရှိ ဆင်းရွှေလီကြံ စံပြစိုက်ကွင်းသို့ရောက်ရှိလာရာ ကွင်းအမှတ်(၁) စီမံကိန်းရှင်းလင်းဆောင်၌ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီးတင်အောင်မြင့်က ဆင်းရွှေလီကြံ၏ ထူးခြားချက်များ၊ စံပြစိုက်ကွင်း တိုးတက်မှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။**

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့ တောင်ညိုတပ်နယ်ရှိ ဆင်းရွှေလီကြံ စံပြစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးကြစဉ်။** (သတင်းစဉ်)

# သွင်းကုန်ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် ကြန့်ကြာမှုမရှိရေး
## ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့မှုဖြစ်စေရေး ကွင်းဆင်းညွှန်ကြား

**ရန်ကုန် မေ ၁၄**

ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်စေရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် တံတား ကုန်သေတ္တာစခန်းရှိ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ ကုန်သေတ္တာ

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ❁






**ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဆူးလေ ဆိပ်ခံတံတားတွင် သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ တင်ချပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၅-၅-၂၀၀၇
(အင်္ဂါနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်ရေး ရေလမ်းသတိပေးချက်များ ဂရုပြုလိုက်နာ

မြန်မာနိုင်ငံတွင် မကြာမီ မုတ်သုံရာသီ ဝင်ရောက်လာတော့မည်ဖြစ်သည်။ မုတ်သုံရာသီအစ မိုးဦးအကြိုကာလ၌ လေပြင်းများ တိုက်ခတ်လျက်ရှိနေသည်။ လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်၊ချောင်းများ၌ မြစ်ရေများမြင့်တက်လာခြင်း၊ ရေများချိန်၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်လေ့ရှိသဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေး ဂရုစိုက် မောင်းနှင်ကြရမည်ဖြစ်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားသည်။ ရေနည်းရာသီကာလကရှိခဲ့သော သဲသောင်များ၊ ကျွန်းများသည် မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေမြှုပ်ပေါ်က်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ရာ ရေယာဉ်များက ရေမြှုပ်ပေါ်က်ဖြတ်လမ်းများမှ အသုံးပြုခုတ်မောင်းခြင်း မပြုကြရန် သတိထားရမည်ဖြစ်သည်။

ထို့အပြင် ရေများချိန်၌ ရေစီးသန်ပြီး မြစ်ကူးတံတားကြီးများ၏ အလယ်တိုင်အုတ်ခုံများ ရေနစ်မြုပ်နေမည်ဖြစ်ရာ ရေယာဉ်များသည် အစိမ်းရောင်တြိဂံ အမှတ်အသားပြထားသော ဝင်ပေါက်များမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဝင်ရောက်ဖြတ်သန်းကြရမည်ဖြစ်သည်။

အထူးသဖြင့် ရေယာဉ်များသည် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် သတိပြုရမည်ဖြစ်သည်။ နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိရေယာဉ် သယ်ဆောင်နိုင်သည့် ဝန်အားနှင့်စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

မိုးဦး လေဦး ရာသီဥတု ပြောင်းလဲချိန်တွင် ရုတ်ခြည်းလေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်တတ်သည်။ မိုးရာသီ ရေကြီးမှုနှင့် မိုးသက်မုန်တိုင်းများလည်း ဖြစ်ပေါ်နိုင်သည်။ သို့ဖြစ်ရာ ရေယာဉ်များအားလုံး ဘေးအန္တရာယ် ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် မိုးလေဝသဆိုင်ရာ သတိပေးချက်များ၊ ရေလမ်းသတိပေး နှိုးဆော်ချက်များနှင့်အညီ အထူးဂရုပြုလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

# တံတားများ တည်ဆောက်မှုနှင့် ကျေးလက်လမ်းလုပ်ငန်း တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်သည် ဧပြီ ၂၉ ရက် နံနက် ၈ နာရီက စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ခံတံတားသို့ ရောက်ရှိရာ ဆိပ်ကမ်းအနီးရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်း ၄၉ မိုင်နှစ်ဖာလုံအတွင်း တံတားများတည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များအား မှာကြားညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မောင်တောမြို့နယ်၊ သဘော်ကွေ့ ကျေးရွာအနီးရှိ သဘော်ကွေ့-သဇင်မြိုင်-အထက်နန်းရာ ကျေးရွာချင်းဆက်လမ်း လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ လုပ်ငန်းတာဝန်ခံများက ကျေးရွာချင်းဆက်ကျောက်ချောလမ်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မောင်တောမြို့နယ်ရှိ ရွှေရင်အေးစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှင်းလင်းဆောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျေးရွာအဖွဲ့ဥက္ကဋ္ဌက ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းနေ ဦးခင်ဝင်း - ဒေါ်အေးသန်းတို့က မောင်မင်းအောင်ဟိန်း၏ (၂၈)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် ၂၀၀၀၀၀ ကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရ ဆွမ်းပဒေသာပင်နှင့် ထာဝရ ဆေးပဒေသာပင်အတွက် ပေးအပ်လှူဒါန်းစဉ်။** (က-ပ)




## ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် မေ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ တည်ဆောက်ပြုပြင်မှု လုပ်ငန်းများအတွက် လှူဒါန်းလိုသူများသည် ပြုပြင်တည်ဆောက်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ နှင့်ဖုန်း ၀၅၇-၂၁၃၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။(ကြေးမုံ)



## ပေးအပ်လှူဒါန်း

**ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ကန်ရှေ့ရပ် သိပ္ပံလမ်းနေ ဒေါ်ချိုချို မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကရေဆရာတော်ဘဒ္ဒန္တ ကုလ္လာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)




## ဆက်ကပ်လှူဒါန်း

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာရိပ်မွန်အိမ်ရာနေ ဒေါ်ထွေးရှင်နှင့် သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# ဒို့ကျေးရွာဂျာနယ် အတွဲ (၄)၊ အမှတ် (၁၀) ထွက်ပြီ

**ရန်ကုန် မေ ၁၄**

မြန်မာ့တစ်ဆယ့်နှစ်လရာသီ၏ဒုတိယမြောက်လ ပြိဿရာသီ ကဆုန်လ၏စကားပန်း၊ ခရားပန်းရနံ့များနှင့်အတူ ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာတို့ကို ဖော်ပြပေးနေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀)အား ၂၀၀၇ခုနှစ်၊ မေလ ၁၅ရက်၌ ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် အချိန်ခါကိုက်ညီရူးဆွတ်မည့် ဝင်ငွေတိုးတက် ရွှေဖီလက်ဖက်၊ စပါးပန်းတိုင်အထွက်နှုန်းတင်းတစ်ရာထွက်ရှိအောင်၊ မိသားစုနှောင်ရေး စိတ်အေးစေဖို့ ရော်ဘာစိုက်ပျိုးကြစို့၊ စီးပွားဖြစ်ဝါးစိုက်ပျိုးပါ၊ စီးပွားဖြစ်သရက်စိုက်ပျိုးရေးစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ရွှေကနဖော့ကြာရိုးဖြူ၊ ဆေးဖက်ဝင် သဘော်မဲဇလီပင်၊ ဆီးချိုရောဂါနှင့် ခွံမာသီး၊ ကျန်းမာရေးအတွက်ထောပတ်သီး၊ မှတ်ဉာဏ်စွမ်းရည်ပိုကောင်းစေရန် လေ့ကျင့်ခန်းလုပ်ပါ စသည့် ကျန်းမာရေးဆောင်းပါးများ၊ သဘာဝနည်းဖြင့်ပြုလုပ်သော အစားအစာများ ထုတ်လုပ်ရေး၊ ကျေးလက်ပျိုဖြူတို့၏ အိမ်တွင်းမှုအနုပညာလုပ်ငန်း၊ ကမ္ဘာနှင့်မြန်မာ၊ မောင်းကလေးသံကြားရပြီ၊ မြန်မာတို့ချစ်သည့် ကိုရီးယားမင်းသားစသည့် သုတ၊ ရသ ဆောင်းပါးများနှင့် ဗဟုသုတဖြစ်ဖွယ်ရာ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများ စုံလင်စွာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ်၁၅၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ သို့ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတင်းစဉ်)

# နှလုံးနှင့် သွေးကြောရောဂါများ ကာကွယ်နည်း

ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်း

နှလုံးနှင့် သွေးကြောရောဂါများကို ကာကွယ်ရန် လိုအပ်သည်ဟု ကမ္ဘာ့ဆေးပညာရှင် အဖွဲ့ကြီးများက ဆုံးဖြတ်ကြပြီး နည်းဗျူဟာများကို ညှိနှိုင်းရေးဆွဲထားကြသည်။ ဤရောဂါများ ကာကွယ်ရန် လိုအပ်သည်ကို ခိုင်မာသော အကြောင်းအချက်များ ပြကြသည်။

* နှလုံးနှင့် သွေးကြောရောဂါတို့သည် ကမ္ဘာတစ်ဝန်းတွင် အချိန်မတိုင်မီ ရောဂါရပြီး အသေစောစေသည့် အဓိကအကြောင်းအရာဖြစ်သည်။ ဤရောဂါများ၏ အခြေခံဖြစ်သော သွေးကြောနံရံတွင် အဆီပြင်စုခြင်းသည် ငယ်ရွယ်စဉ်ကစပြီး တဖြည်းဖြည်း ကြီးထွားလာကာ နှစ်ပေါင်းအတော်ကြာမှ ရောဂါလက္ခဏာများ ပေါ်လာစေသည်။ သို့ရာတွင် ဤရောဂါ လက္ခဏာများ (နှလုံး သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း)က လူနာကို ဆေးကုသခွင့်မရမီ ရုတ်ခြည်း သေစေနိုင်သည်။ ထို့ကြောင့် ထိရောက်စွာ ကာကွယ်သင့်သော ရောဂါများဖြစ်သည်။
* ကာကွယ်ရေးနည်းဗျူဟာများ လူထုကို ဦးတည်၍ ဆောင်ရွက်ပါက ထိရောက်သော ကာကွယ်မှုကိုရနိုင်သည်။ ဤရောဂါများကြောင့် နာမကျန်းဖြစ်ခြင်းနှင့် အသက်ဆုံးခြင်းတို့ကို သိသာစွာလျော့နည်းစေသည်။

**ရေးဆွဲထားသော ရောဂါကာကွယ်နည်းဗျူဟာများသည်–**

* ကုသရေးထက် ကာကွယ်ရေးကို ဦးစားပေးကြသည်။
* ရောဂါဖြစ်နိုင်ဖွယ် အန္တရာယ်များကို တိကျစွာတွက်နိုင်ရန် ဇယားများ တီထွင်ပေးထားသည်။ ဤသို့တွက်ချက်ရာတွင် ၁၀နှစ်အတွင်း ရောဂါ ဖြစ်နိုင်ဖွယ် အန္တရာယ် ၅ ရာခိုင်နှုန်းနှင့်အထက်ရှိလျှင် အန္တရာယ်များသည်ဟု ယူဆသည်။
* ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှလုံးသွေးကြောရောဂါ ရှိပြီးသူများနှင့် အထက်ပါတွက်ချက်မှုဖြင့် အန္တရာယ်များသည်ဟု ယူဆသူများကို ဦးစားပေးသည်။

**ဤသို့ဦးစားပေးရမည့် လူနာများမှာ–**

* နှလုံး၏သွေးကြောများ၊ ခြေလက်သွေးကြောများ၊ ဦးနှောက်သွေးကြောများတွင် လက်ရှိရောဂါဖြစ်နေသောသူများ၊
* ရောဂါလက္ခဏာများ မရှိသေးသော်လည်း ရောဂါဖြစ်စေသည့် အခြေအနေများလှသဖြင့် လာမည့် ၁၀နှစ် သို့မဟုတ် ဤသူ အသက် ၆၀ ပြည့်လျှင် နှလုံးသွေးကြောရောဂါအန္တရာယ် ၅ ရာခိုင်နှုန်းနှင့် အထက်ရှိသူများ၊ ရောဂါဖြစ်စေသည့် အခြေအနေ တစ်ခုတည်းရှိနေသော်လည်း အလွန်ထင်ရှားနေပါလျှင် (ဥပမာ– Total Cholesterol သွေးတွင်း စုပေါင်းအဆီဓာတ် 8 mmol/ 1 (320 mg/dl) အထက်ရှိနေသူများ၊ LDL-C 6 mmol/l (240 mg/dl)၊ သွေးပေါင်ချိန် ၁၈၀/၁၁၀ နှင့် အထက်ရှိသူများ၊ သွေးချို ဆီးချိုရောဂါ ဖြစ်နေသူများ၊
* ငယ်ရွယ်စဉ် နှလုံးသွေးကြောရောဂါ ဖြစ်နေသော လူနာများ၏ ဆွေမျိုးနီးစပ်တော်သူများ၊

ရောဂါအန္တရာယ်ကို တွက်ချက်သော ဇယားများတွင် ဖော်ပြထားသည်ထက် အန္တရာယ်ပို၍ များသောသူများလည်း ရှိတတ်သည်။ ဤသူများမှာ–

* ရောဂါလက္ခဏာ မပေါ်သေးသော်လည်း သွေးကြောများတွင် အဆီပြင်ဖုံးနေကြောင်း အထောက်အထားများရှိနေသူများ၊
* မိသားစုထဲတွင် ငယ်ရွယ်စဉ်က နှလုံးသွေးကြောရောဂါ ဖြစ်နေသူများရှိနေခြင်း၊သွေးတွင်းအဆီဓာတ် ပမာဏတို့တွင် ရောဂါကာကွယ်ပေးသည့် ကောင်းသောအဆီဓာတ် HDL-C နည်းပြီး မကောင်းသော Triglycerides များနေခြင်း၊ သွေးစတင်ချိုနေခြင်း၊ အခြား သွေးတွင်း နှလုံးသွေးကြောရောဂါ အားပေးသည်ဟု နောက်ဆုံး သိထားသောဓာတ်များ (ဥပမာ–CRP, Fibrinogen, homocysteine, apolipoprotein B or Lp (a) တို့များနေခြင်း)
* အဝလွန်ပြီး မလှုပ်မရှားနေသူများတို့ ဖြစ်ကြသည်။

နှလုံးနှင့်သွေးကြောများ၌ ရောဂါစနေသည်ကို အောက်ပါခေတ်ပေါ်နည်းများဖြင့် ဖော်ထုတ်နိုင်ပါသည်–

* သံလိုက်လှိုင်းဖြင့် ဓာတ်မှန်ရိုက်ခြင်း(MRI)
* အထူးကွန်ပျူတာရိုက်ခြင်း(EB-CT/MS-CT)
* တီဗွီဓာတ်မှန်ဖြင့်လည်း လည်ပင်းရှိ သွေးလွှတ်ကြော၏ အထူကို တိုင်းတာခြင်း
* နှလုံးကြွက်သားထူနေကြောင်းကို ECG နှင့် တီဗွီဓာတ်မှန်တို့ဖြင့် ဖော်ထုတ်ခြင်းတို့ဖြစ်ကြသည်။

နှလုံးသွေးကြောရောဂါ ရှိပြီးသူများနှင့် အန္တရာယ်များသည်ဟု ယူဆသူများအတွက် ရောဂါကာကွယ်ရန် ရည်မှန်းချက်များမှာ–

* **ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ရန်၊**
* **ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရကို မှီဝဲရန်၊**
* **အမြဲကိုယ်လက် လှုပ်ရှားမှုပြုရန်၊**
* **ကိုယ်ခန္ဓာထုထည်ပမာဏကို ၂၅ ကီလိုဂရမ်/စတုရန်းမီတာထက် နည်းရန်၊**
* **အများသွေးပေါင်ချိန် ၁၄၀/၉၀ အောက်ရှိရန်နှင့် ဆီးချို၊ သွေးချို ရောဂါရှိသူများအတွက် ၁၃၀/၈၀ အောက်ရှိရန်၊**
* **အများစုပေါင်းသွေးတွင်းအဆီဓာတ် 5mmol/l(190mg/dl) အောက်ရှိရန်နှင့် နှလုံးသွေးကြောရောဂါ ရှိပြီးသူများနှင့် ဆီးချိုသွေးချိုရောဂါ ရှိသူများအတွက် 4.5 mmol/l(175mg/dl) အောက်ရှိရန်**
* **LDL-C ကို လူအများတွင် 3mmol/l(115mg/dl) အောက်နှင့် နှလုံးသွေးကြောရောဂါရှိပြီးသူများနှင့် ဆီးချို၊ သွေးချို ရောဂါရှိသူများအတွက် 2.5 mmol/l(100 mg/dl) အောက်ရှိရန်၊**
* **ဆီးချိုသွေးချိုရှိသူများ၏ သွေးအချိုဓာတ်ကို အမြဲပုံမှန်ဖြစ်စေရန် ထိန်းသိမ်းရန်၊**
* **နှလုံးသွေးကြောရောဂါ ရှိပြီးသူများနှင့် ဆီးချိုသွေးချိုရောဂါ ရှိသူများအတွက် လိုအပ်ပါက ဆေးများညွှန်ကြားရန်၊**

| ရည်မှန်းချက် | အများပြည်သူအတွက် | နှလုံးသွေးကြောရောဂါရှိပြီးသူများနှင့် ဆီးချိုသွေးချိုရောဂါရှိသူများအတွက် |
|---|---|---|
| သွေးပေါင်ချိန် | 140/90 mmHg | 130/80 mmHg |
| စုပေါင်းသွေးအဆီဓာတ် | 5 mmol/L (190 mg/dl) | 4.5 mmol/L (175 mg/dl) |
| LDL-C | 3 mmol/L (115 mg/dl) | 2.5 mmol/L (100 mg/dl) |
| HDL-C | 1 mmol/L in male (40 mg/dl) 1.2 mmol/Lin female (50 mg/dl) | |
| Triglycerides | 1.7 mmol/L (150 mg/dl) | |
| ကိုယ်ခန္ဓာထုထည် ပမာဏ ကိုယ်အလေးချိန်များခြင်း (25-30 Kg/m$^2$) အဝလွန်ခြင်း (30 kg/m$^2$ နှင့် အထက်) | ပုံမှန် ပမာဏ | |

**ဆီးချိုသွေးချိုရောဂါရှိသူများအတွက် ရည်မှန်းချက်များ**

| Hb AIc သွေးနီဥများအတွင်း အချိုဓာတ် | Hb AIc% | ရည်မှန်းချက် 6.1% နှင့်အောက် |
|---|---|---|
| သွေးပြန်ကြောသွေးအချိုဓာတ် | အစာမစားမီ | 6.0mmol/l(110mg%) နှင့်အောက် |
| လက်ထိပ်သွေးအချိုဓာတ် | အစာမစားမီ | 4.0-5.0mmol/l (70-90mg%) |
| | အစာစားပြီး | 4.0-7.5mmol/l (70-135mg%) |
| သွေးပေါင်ချိန် | mmHg | 130/80 နှင့်အောက် |
| သွေးတွင်းစုပေါင်းအဆီဓာတ် | mmol/l(mg%) | 4.5(175)နှင့်အောက် |
| LDL-C | mmol/l(mg%) | 2.5(100)နှင့်အောက် |

**ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်ရန်**

* ပုံမှန်ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်မည့် အာဟာရပမာဏကို စားသုံးပါ၊
* ဟင်းသီးဟင်းရွက် အသီးအနှံ၊ ငါးနှင့် အဆီမပါသော အသားများကို မှီဝဲပါ၊
* အဆီစားသုံးမှုသည် ကိုယ်ခန္ဓာက လိုအပ်သည့် စွမ်းအင်၏ ၃၀ ရာခိုင်နှုန်းမကျော်စေရ၊ ပြည့်ဝဆီသည် စားသုံးသောအဆီ ပမာဏ၏ ၃၀ ရာခိုင်နှုန်း မကျော်စေရ၊ တစ်နေ့တာ စားသုံးသည့် အဆီပမာဏသည် ၃၀၀ မီလီဂရမ် မကျော်စေရ၊
* ပြည့်ဝဆီကို အချိုဓာတ်နည်းသော ကစီဓာတ် Carbohydrate၊ အသီးအနှံများနှင့် ရေသတ္တဝါများမှ ရရှိသော မပြည့်ဝဆီများနှင့် အစားထိုးပါ။

**ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို**

* **တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီခန့် နေ့စဉ်နီးပါးဆောင်ရွက်ပါ။ ဥပမာ–ခပ်သွက်သွက် လမ်းလျှောက်ခြင်း(တစ်နာရီလျှင် သုံးမိုင်ခွဲနှုန်း)**
* **မိမိ တစ်နေ့တာလုပ်ငန်းစဉ်တွင် အံဝင်ခွင်ကျဖြစ်နိုင်သည့် ကိုယ်လက်လှုပ်ရှားမှုများကို တစ်ပတ်လျှင် အနည်းဆုံး ၄–၅ ကြိမ်မျှ။ တစ်ကြိမ်လျှင် ၃၀–၄၅ မိနစ်မျှ ဆောင်ရွက်ပါ။ မိမိ၏ အသက်အရွယ်အလိုက် အမြန်ဆုံး နှလုံးခုန်နှုန်းကို ချင့်ချိန်ရမည်။ Metabolic $ ဇီဝကမ္မချို့ယွင်းမှု လက္ခဏာစုရှိသူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုစရိုက်များကို ကျင့်သုံးရန် ကြပ်မတ် ပေးဖို့လိုအပ်ပါသည်။**

လိုအပ်ပါကလည်းဆေးဝါးများကို နှလုံးသွေးကြောရောဂါ ကာကွယ်ရာတွင်အသုံးပြုနိုင်သည်။ ဥပမာ– အက်စ်ပရင်နှင့် အလားတူ သွေးကြဲဆေးများ၊ Beta blokcker၊ ACEInhibitor၊ သွေးမခဲစေသောဆေးများ။

အသက်ငယ်ရွယ်စဉ် (အမျိုးသားတွင် ၅၅နှစ်နှင့်အောက်၊ အမျိုးသမီးများတွင် အသက် ၆၅ နှစ်အောက်)နှလုံးသွေးကြောရောဂါဖြစ်သူများနှင့် မိသားစုလိုက် ဗီဇချို့ယွင်းမှုကြောင့်သွေးတွင်း အဆီဓာတ်များသူတို့၏ ဆွေမျိုးများကို ကျန်းမာရေး စစ်ဆေးပေးရန်လိုအပ်ပါသည်။

နှလုံးနှင့်သွေးကြောရောဂါများကို ရောဂါဖြစ်လျက်ရှိသောသူများနှင့် ဖြစ်နိုင်ခြေ အလားအလာရှိသူများကို ဖော်ထုတ်ကာ စနစ်တကျကြပ်မတ်၍ ကာကွယ်မှုများဆောင်ရွက်ပေးလျှင် ဤရောဂါများဖြစ်နှုန်းကျလာမည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံးကိုဦးတည်၍ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်သည့် ဓလေ့များလေ့ကျင့်ပေးနိုင်လျှင် နိုင်ငံတစ်ဝန်းကြီးမားသော ကျန်းမာရေးအကျိုးဆက်ကို ခံစားရမည်ဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။ ။

**နှလုံးနှင့် သွေးကြောရောဂါတို့သည် ကမ္ဘာတစ်ဝန်းတွင် အချိန်မတိုင်မီ ရောဂါရပြီး အသေစောစေသည့် အဓိကအကြောင်းအရာဖြစ်။ ဤရောဂါများ၏ အခြေခံဖြစ်သော သွေးကြောနံရံတွင် အဆီပြင်စုခြင်းသည် ငယ်ရွယ်စဉ်ကစပြီး တဖြည်းဖြည်း ကြီးထွားလာကာ နှစ်ပေါင်းအတော်ကြာမှ ရောဂါလက္ခဏာများ ပေါ်လာ။ သို့ရာတွင် ဤရောဂါ လက္ခဏာများ (နှလုံးသွေးကြော ပိတ်ခြင်း၊ လေဖြတ်ခြင်း )က လူနာကိုဆေးကုသခွင့်မရမီ ရုတ်ခြည်း သေစေနိုင်။ ထို့ကြောင့် ထိရောက်စွာ ကာကွယ်သင့်သော ရောဂါများဖြစ်။**

# e-Government ဗဟိုဌာန အိန္ဒိယကျေးရွာတွင် ဖွင့်လှစ်

**နယူးဒေလီ မေ ၁၃**

အိန္ဒိယနိုင်ငံ ချန်ဒီဂတ်ပြည်ထောင်စုနယ်မြေရှိ ကျေးရွာတစ်ရွာတွင် e-Government ဗဟိုဌာနတစ်ခုကို မေ ၁၂ ရက်က ဖွင့်လှစ်လိုက်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

e-Government ဗဟိုဌာနဖွင့်လှစ်ခြင်းဖြင့် ရွာသူ၊ ရွာသားများ၏ နေ့စဉ်လူနေမှုဘဝပုံစံများ ပြောင်းလဲသွားမည်ဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ချန်ဒီဂတ်ပြည်ထောင်စုနယ်မြေအုပ်ချုပ်ရေးမှူး ရိုဒရစ်ကပြောကြားသည်။

မိမိတို့အစိုးရသည် ကျေးလက်ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ပေးရန် လိုလားကြောင်း ၎င်းက ပြောကြားသည်။

e-Government ဗဟိုဌာနကို ချန်ဒီဂတ်ပြည်ထောင်စုနယ်မြေရှိ ခူဒါဂျေဆုကျေးရွာတွင် ထူထောင်ထားရှိသည်။ ယင်းဗဟိုဌာနပေါ်ထွန်းလာခြင်းဖြင့် ရွာသူ၊ ရွာသားများသည် အစိုးရထံအခွန်အကောက်များ ပေးဆောင်ရာတွင်လည်းကောင်း၊ ဘတ်စ်ကားလပေးစီးလက်မှတ် ဝယ်ယူရာတွင်လည်းကောင်း၊ ပင်စင်လစာငွေများထုတ်ယူရာတွင်လည်းကောင်း လွယ်ကူအဆင်ပြေသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ချန်ဒီဂတ် ပြည်ထောင်စုနယ်မြေရှိ ကျေးရွာများအားလုံးတွင် ယခုနှစ်ကုန်ထက် နောက်မကျဘဲ e-Government အထောက်အကူပြုကိရိယာများ တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

***အင်တာနက်။***



တရုတ်နိုင်ငံ ဆူနင်းမြို့ရှိ အင်တာနက် ကဖေးဆိုင်တစ်ဆိုင်ကို မေ ၁၂ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အာကာသဖွံ့ဖြိုးရေး စီမံကိန်းသစ် တရုတ်နိုင်ငံတော်ကောင်စီ အတည်ပြု

**ပေကျင်း မေ ၁၃**

အာကာသဖွံ့ဖြိုးရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ငါးနှစ်စီမံကိန်းကို တရုတ်နိုင်ငံတော်ကောင်စီ က မေ ၁၀ရက်တွင် ကျင်းပသော ညီလာခံတွင် အတည်ပြုလိုက်သည်။ တရုတ်နိုင်ငံ၏ အာကာသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းသစ်ကို ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ပြည့်နှစ်အထိ အကောင်အထည်ဖော်မည် ဖြစ်သည်။

စီမံကိန်းသစ်အရ လူလိုက်ပါသော အာကာသယာဉ်တစ်စင်း စေလွှတ်ရေး၊ လစူးစမ်း လေ့လာရေး၊ အာကာသဒုံးပျံယာဉ် သစ်တစ်စင်းတည်ဆောက်ရေး၊ ကမ္ဘာနှင့်ပတ်သက်နေသည့် ဂြိုဟ်တုဓာတ်ပုံများ ထုတ်လုပ်ရေးစသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ကျန်ပေယန်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် အာကာသနည်းပညာရပ်များကို အခြေခံသည့် စက်မှုလုပ်ငန်းများကို မြှင့်တင်အားပေးမည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊ရေကြောင်းနှင့်လေကြောင်းသွားလာရေး၊ ဂြိုဟ်တုထောက်လှမ်းရေး နည်းစနစ်များ အသုံးပြုရေး စသည်တို့ကို အလေးပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ရာသီဥတုခန့်မှန်းခြင်း၊ ပင်လယ်ရေကြောင်းသွားလာမှု အထောက်အကူပြု သတင်းအချက်အလက်များ စုဆောင်းရယူခြင်းတို့သည် အမျိုးသားစီးပွားရေး တိုးတက်စေရန် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ အာကာသ နည်းပညာသည် စီးပွားဖွံ့ဖြိုးမှုအတွက် အရေးပါကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***



ပီရူးနိုင်ငံ လီမာမြို့ အမျိုးသမီးဆေးရုံတွင် မိခင်လောင်းတစ်ဦး ဝမ်းဗိုက်အတွင်းမှ ကလေးငယ် နားဆင်နိုင်ရန် သီချင်းဆိုဆက်သွယ်နေသည်ကို မေ ၁၂ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# သန္တာကောင်များ ရောဂါဖြစ်ပွားမှု သုတေသီတို့လေ့လာ

**ဆစ်ဒနီ မေ ၁၃**

သန္တာကျောက်တန်းများကို ဖြစ်ပေါ်စေသော သန္တာကောင်များ၏ မျိုးစိတ်များအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားမှု အခြေအနေကို အမေရိကန်သိပ္ပံပညာရှင်တစ်ဦး ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များအဖွဲ့တစ်ဖွဲ့ကလေ့လာလျက်ရှိကြောင်း မေ ၁၃ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား တက္ကသိုလ်မှ သိပ္ပံပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် သြစတြေးလျနိုင်ငံ ကမ်းရိုးတန်းရှိ မိုင် ၉၀၀ကျော်ရှည်လျားသော နယ်မြေဒေသတွင် လွန်ခဲ့သည့်ခြောက်နှစ်တာကာလအတွင်း သန္တာမျိုးစိတ်များ ဖြစ်ပွားလေ့ရှိသည့် white syndrome ရောဂါကို လေ့လာခဲ့ကြသည်။

သန္တာမျိုးစိတ်များရောဂါကူးစက်မှု ပိုမိုများပြားလာခြင်းသည် ကမ္ဘာကြီး ပိုမိုပူနွေးလာမှုနှင့် ဆက်စပ်နေကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ သန္တာကောင်များအတွင်း ရောဂါဘယဖြစ်ပွားခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် သန္တာကျောက်တန်းများ ဖွဲ့စည်းဖြစ်ပေါ်မှုကို ထိခိုက်စေနိုင်ကြောင်း၊ သန္တာကျောက်တန်းများကို အမှီပြုသည့် အခြားသက်ရှိများ၏ နေထိုင်မှုဘဝကိုလည်းထိခိုက်စေနိုင်ကြောင်း လေ့လာချက်တွင်ဖော်ပြထားသည်။

***အင်တာနက်။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# ရုရှား၌ ပေါက်ကွဲမှုဖြစ်ပွား ၁၀ ဦးထက်မနည်း သေဆုံး

**မော်စကို မေ ၁၄**

ရုရှားနိုင်ငံ အောက်စ်ခ်မြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် တနင်္ဂနွေနေ့က ပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

အောက်စ်ခ်မြို့၏ ကုန်ဈေးတန်းတွင်တည်ရှိသော အဆိုပါ စားသောက်ဆိုင်မှာ ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းမှုကြောင့် လုံးဝပျက်စီးသွားကြောင်း အရေးပေါ်အခြေအနေဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အင်တာဖက်စ်သတင်းဌာနက ဖော်ပြသည်။ သေဆုံးသူ ၁၀ဦးထက်မနည်း၏ ရုပ်အလောင်းများကို ပြန်လည်တွေ့ရှိ ခဲ့ပြီဖြစ်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားချိန် စားသောက်ဆိုင်တွင် လူမည်မျှရှိနေသည်ကို တိတိကျကျ မသိရကြောင်းအီတာတာ့စ်သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ ဂျပန်တွင် တည်ဆောက်မည်

**တိုကျို မေ ၁၃**

ဂျပန်နိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရန် ဆောင်ရွက်ချက်အဖြစ် သဘာဝဓာတ်ငွေ့ရည်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံ တည်ထောင်သွားရန် ဂျပန်လျှပ်စစ်ဓာတ်အား ကုမ္ပဏီများက စီစဉ်လျက်ရှိကြောင်း မေ ၁၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ ရှစ်ရုံအနက် လေးရုံမှာ အသစ်တည်ဆောက်မည့် စက်ရုံများဖြစ်လိမ့် ဖြစ်ကြောင်း၊ ဓာတ်အားပေးစက်ရုံလေးရုံမှာမူ လက်ရှိ ကျောက်မီးသွေးစက်ရုံ သို့မဟုတ် ရေနံအသုံးပြုသည့် စက်ရုံများကို ပြင်ဆင်ပြောင်းလဲမည့်စက်ရုံများ ဖြစ်လိမ့်မည်ဖြစ်ကြောင်း နီကေးသတင်းစာတွင် ရေးသားဖော်ပြသည်။ သဘာဝဓာတ်ငွေ့ရည် အသုံးပြုသည့် ဓာတ်အားပေးစက်ရုံများ လည်ပတ်သည့်အခါ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုသည် ၈ရာခိုင်နှုန်းလျှော့ချနိုင်မည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

သဘာဝဓာတ်ငွေ့ရည်တွင် အခြားသောစွမ်းအင်များမှာထက် ကာဗွန်ပါဝင်မှု ပိုမိုလျော့နည်းသည်။ သဘာဝဓာတ်ရည်သုံး ဓာတ်အားပေးစက်ရုံသည် ကျောက်မီးသွေး စွမ်းအင်သုံးစက်ရုံထက် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ၄၀မှ ၅၀ရာခိုင်နှုန်းအထိလည်းကောင်း၊ ရေနံစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံထက် ၂၀ရာခိုင်နှုန်းမှ ၃၀ရာခိုင်နှုန်းအထိလည်းကောင်း လျှော့ချနိုင်သည်။

မျက်မှောက်ကာလတွင် ဂျပန်ရှိ လျှပ်စစ်ဓာတ်အား ထုတ်ယူမှု အရပ်ရပ်၏ ၃၀ရာခိုင်နှုန်းမှာ နျူကလီးယားဓာတ်အားပေးစက်ရုံများက ထုတ်လုပ်ပေးခြင်းဖြစ်သည်။ သဘာဝဓာတ်ငွေ့ရည်သုံး စက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အား၏ ၂၆ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကျောက်မီးသွေးသုံး စက်ရုံများက လျှပ်စစ်ဓာတ်အား ၂၄ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရေနံစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အား ၁၀ရာခိုင်နှုန်းကိုလည်းကောင်း၊ ရေအားလျှပ်စစ်စွမ်းအင်သုံးစက်ရုံများက လျှပ်စစ်ဓာတ်အား ၉ ရာခိုင်နှုန်းကိုလည်းကောင်း ထုတ်လုပ်ပေးလျက်ရှိသည်။

***အင်တာနက်။***

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ကဇာတ်ရုံကြီးအနီးတွင် ဌာနေအဘော်ရီဂျင်း လူမျိုးများ ရိုးရာငါးခေါ်အက ကနေကြသည်ကို မေ ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



# ဒဏ်ရာရခဲ့သော ကန်တပ်ဖွဲ့ဝင် သေဆုံး

**ဘဂ္ဂဒက် မေ ၁၄**

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ပိုင်းတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင်ပြောကြားသည်။ ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၅၀ခန့်အကွာ အစ်ခန်ဒါရီယာမြို့အနီးတွင် သောကြာနေ့က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဆင်ဒူဗီဂျေး ရေငုပ်သင်္ဘော ရုရှားသင်္ဘောကျင်းတွင် ရေချ

**ဘီဗာရိုဗင့်စ်(ရုရှား) မေ ၁၃**

အိန္ဒိယရေတပ်ပိုင် ဆင်ဒူဗီဂျေးအမည်ရှိ ရေငုပ်သင်္ဘောကို အဆင့်မြှင့်တင်သည့် မွမ်းမံတည်ဆောက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ရုရှားနိုင်ငံမြောက်ပိုင်း ဘီဗာရိုဗင့်စ်ဆိပ်ကမ်းရှိ ဇဗီဒိုချာလာသင်္ဘောကျင်းတွင် ရေချပွဲပြုလုပ်ခဲ့ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကီလိုကလပ်စ်အမျိုးအစား ဆင်ဒူဗီဂျေးအမည်ရှိ ရေငုပ်သင်္ဘောကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဂ်မြို့တွင် ၁၉၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့သည်။ နှစ်ပေါင်း ၁၁ နှစ်ကြာကာလအတွင်း ဇဗီဒိုချာလာသင်္ဘောကျင်း၌ မွမ်းမံပြင်ဆင်သည့် အိန္ဒိယရေငုပ်သင်္ဘောများအနက် စတုတ္ထမြောက်ရေငုပ်သင်္ဘောဖြစ်သည်။ အဆိုပါ ရေငုပ်သင်္ဘောသည် နျူကလီးယားရေငုပ်သင်္ဘောများ မွမ်းမံပြင်ဆင်ခြင်းနှင့် စက်ကိရိယာအသစ်များ တပ်ဆင်ခြင်းတို့ကို အထူးပြုလုပ်ပေးနိုင်သော သင်္ဘောကျင်းဖြစ်သည်။ ယခုတစ်ကြိမ် အိန္ဒိယရေငုပ်သင်္ဘောကို ပြင်ဆင်ရာတွင် ထူးခြားချက်တစ်ရပ်မှာ အိန္ဒိယနိုင်ငံလုပ် စက်ကိရိယာ အစိတ်အပိုင်းများဖြင့် အစားထိုးတပ်ဆင်ခြင်း ဖြစ်သည်။ ရေငုပ်သင်္ဘောတွင် တပ်ဆင်မည့် ဆက်သွယ်ရေး စက်ကိရိယာများကို အိန္ဒိယကုမ္ပဏီများက ထုတ်လုပ်ပေးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါရေငုပ်သင်္ဘောတွင် ရုရှားလုပ် ဒုံးကျည်ကို တပ်ဆင်ထားမည်ဖြစ်သည်။ ယင်းဒုံးကျည်သည် စစ်သင်္ဘောများကို ပစ်ခတ်ဖြိုခွင်းနိုင်ကြောင်း၊ ကီလိုမီတာ ၂၀၀ အကွာအဝေးရှိ ရန်သူရေယာဉ်များကို တိုက်ခိုက်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**



**တရုတ်နိုင်ငံ ပေကျင်းမြို့ဝန်းကျင်ရှိ အိုလံပစ်ပွဲတော်အတွက် တည်ဆောက်ထားသည့် အဆောက်အအုံများကို မေ ၁၂ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဒူဘိုင်းအပန်းဖြေကျွန်းတွင် မီးဘေးအန္တရာယ် ကာကွယ်မည်

**ဒူဘိုင်း မေ ၁၃**

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့ရှိ ပမ်းဂျာမီရာအပန်းဖြေကျွန်းတွင် တည်ဆောက်ဆဲ အဆောက်အအုံတစ်လုံး၌ မေ ၆ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းကျွန်းတွင် မီးဘေးအန္တရာယ်ကာကွယ်ရေး အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၁၂ ရက်တွင် ပြောကြားသည်။ ရှစ်ထပ်အဆောက်အအုံတစ်လုံး တည်ဆောက်သည့် လုပ်ငန်းခွင်၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ပါရှန်ပင်လယ်ကွေ့ရှိ ပမ်းဂျာမီရာ အပန်းဖြေစခန်းသည် လူတို့ဖန်တီးထားသော ကျွန်းတုပေါ်တွင်တည်ရှိသည်။ စွန်ပလွန်ပင်၏ အကိုင်းအခက်များကဲ့သို့ ခွဲဖြာသွားသော ပုံသဏ္ဌာန်ရှိသည့် ယင်းကျွန်း၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၂ မိုင်ဖြစ်သည်။ ပမ်းဂျာမီရာကျွန်းတွင် နေအိမ်များ၊ တိုက်ခန်းတွဲအဆောက်အအုံများ၊ ဟိုတယ်များ၊ စီးပွားရေးလုပ်ငန်းဌာနများ တည်ဆောက်လျက်ရှိပြီး ဆောက်လုပ်ရေးအလုပ်သမား ၁၀၀၀၀၀ကျော်က ၂၀၁၁ခုနှစ်ထက်နောက်မကျဘဲ တည်ဆောက်ရေးလုပ်ငန်းများကို အပြီးဆောင်ရွက်လျက်ရှိသည်။ **အင်တာနက်။**

## ရှေ့မှာမှန် The Mirror နိုင်ငံခြားသတင်းများ

# ဒင်ဗာမြို့ရှိ ရှဉ့်များ ပလိပ်ရောဂါဖြစ်ပွား

**ဒန်ဗာ မေ ၁၃**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် မြို့တော်ဒင်ဗာတွင် ရှဉ့်သတ္တဝါများ ပလိပ်ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ပြည်သူများသည် ရှဉ့်သတ္တဝါများအားကိုင်တွယ်ထိတွေ့ခြင်းမလုပ်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများက မေ ၁၃ ရက်တွင် သတိပေးလိုက်သည်။ ဒင်ဗာမြို့တွင် ရှဉ့် ၁၅ ကောင်နှင့် ယုန်တစ်ကောင်တို့၌ ပလိပ်ရောဂါပိုး ရှာဖွေတွေ့ရှိခဲ့သည်။ ရောဂါဖြစ်ပွားသည့် တိရစ္ဆာန်အများစုမှာ ဒင်ဗာဥယျာဉ်ရှိ သတ္တဝါများဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အင်တာနက်။**

# လွတ်လပ်စွာကုန်သွယ်ရေး စင်ကာပူနှင့် ယူကရိန်းဆွေးနွေး

**စင်ကာပူ မေ ၁၃**

စင်ကာပူနှင့် ယူကရိန်းနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးမှုများကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း မေ ၁၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ရရှိခြင်းဖြင့် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေမည်ဖြစ်သည်။ ၎င်းအပြင် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ယုံကြည်မှုပိုမိုရရှိစေနိုင်ကြောင်း စင်ကာပူ ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ပြီး စီးပွားရေးတိုးတက်လျက်ရှိသည့် နိုင်ငံဖြစ်ကြောင်း၊ အထူးသဖြင့် ဓာတ်သတ္တုသယံဇာတပေါကြွယ်ဝကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ **အင်တာနက်။**

# တီမောသမ္မတအဖြစ် ရာမို့စ်ဟော်တာရွေးချယ်ခံရ

**ဒီလီ မေ ၁၃**

အရှေ့တီမော၏ သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့တွင် ထောက်ခံမဲ ၇၀ ရာခိုင်နှုန်းခန့်ရရှိသူ ဟိုဆေးရာမို့စ်ဟော်တာသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံရကြောင်း တာဝန်ရှိသူများက မေ ၁၂ ရက်တွင် ပြောကြားသည်။

ရွေးကောက်ပွဲတွင် ရာမို့စ်ဟော်တာ အနိုင်ရရှိကြောင်း၊ သို့ရာတွင် ရွေးကောက်ပွဲရလဒ်ကို နိုင်ငံတော်၏ အယူခံတရားရုံးတော်က အတည်ပြုလက်မှတ်ရေးထိုးပေးရန် လိုအပ်နေသေးကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက ၁၅ မီတာအရှည်ရှိ ဝေလငါးရုပ်ကြီးကိုကိုင်ကာ ဝေလငါးဖမ်းဆီးမှုအား ကန့်ကွက်ဆန္ဒပြနေကြသည်ကို မေ ၁၃ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပီရူးနိုင်ငံ ငွေကြေးဂံဒေသတွင် မူးယစ်ဆေးဝါး နှိမ်နင်း

**လီမာ မေ ၁၃**

ပီရူးနိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါး နှိမ်နင်းမှုစစ်ဆင်ရေးများကို ပြီးခဲ့သောသီတင်းပတ်က ပြုလုပ်ခဲ့ရာ ကိုကင်း ၂၅၂ကီလိုကို သိမ်းဆည်းရမိပြီး မသင်္ကာဖွယ်ရာ ၁၇၈ ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က မေ ၁၂ ရက်တွင် ပြောကြားသည်။ တောင်ဖြူစစ်ဆင်ရေးဟု အမည်ပေးထားသည့် အဆိုပါ ဖမ်းဆီးမှုအတွင်း ကိုကင်းထုတ်လုပ်ရာ၌ အသုံးပြုသည့် ကိုကာရွက် ၂၆၃ ကီလို၊ လက်နက်အချို့နှင့်ငွေအများအပြားကို သိမ်းဆည်းရမိခဲ့သည်။

ယင်းစစ်ဆင်မှုကြောင့် မြို့တော်လီမာနှင့် အနောက်တောင်ပိုင်း ကမ်းခြေမြို့ ကရူဂျီလိုတွင် လှုပ်ရှားနေသည့် မူယစ်ဆေးဝါး ဂိုဏ်းကြီးလေးဂိုဏ်းကို ဖြိုခွင်းနိုင်ခဲ့သည့်အတွက် မြေအောက်မူးယစ် မှောင်ခိုလုပ်ငန်းများ အထိနာသွားသည်ဟု ဆိုသည်။

ထိုနိုင်ငံသည် ငွေကြေးဂံဟုခေါ်သော တောင်အမေရိကဒေသ ကိုကင်းထွက်ရာနေရာတွင် တည်ရှိသည်။ ကမ္ဘာပေါ်၌ ပီရူးနိုင်ငံသည် ကိုလံဘီယာနိုင်ငံပြီးလျှင် ကိုကင်း ဒုတိယအများဆုံးထွက်သော နိုင်ငံဖြစ်သည်။ ထိုနိုင်ငံမှ တစ်နှစ်လျှင် ကိုကင်းတန် ၂၀၀ခန့်ထွက်ပြီး အများစုကို မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် ပြည်ပသို့ သယ်ပို့သည်။ ကိုကင်းပမာဏ၏ ၁၀ရာခိုင်နှုန်းကိုသာ အာဏာပိုင်များက ဖမ်းဆီးရမိလေ့ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ကန်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် စာမေးပွဲ မသမာမှု ဖြစ်ပွားခဲ့

**အင်ဒီယာနာပိုလစ် မေ ၁၃**

အမေရိကန်နိုင်ငံ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွင် စာမေးပွဲမသမာမှု အရှုပ်တော်ပုံတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ကျောင်းသားကိုးဦး ကျောင်းထုတ်ခံလိုက်ရကြောင်း အင်ဒီယာနာပိုလစ်စတား သတင်းစာက မေ ၁၂ ရက်တွင် ရေးသားဖော်ပြသည်။

ယင်းအရှုပ်တော်ပုံကြောင့် ကျောင်းသား ၂၁ ဦးမှာ ပြင်းထန်စွာ သတိပေးခံခဲ့ရသည်။ ယင်းတက္ကသိုလ်တွင် စာမေးပွဲမကျင်းပမီ မေးခွန်းလွှာများ သိရှိနိုင်စေရန် အမည်ဝှက်ဖြင့် ထိန်းသိမ်းထားသော ကွန်ပျူတာဖိုင်များကို ဝင်ရောက်ကြည့်ရှုနိုင်ရန် ကျောင်းသားများက ကြိုးပမ်းခဲ့ကြောင်း သတင်းစာတွင်ဖော်ပြသည်။

ယင်းတက္ကသိုလ်တွင် ဒုတိယနှစ် တက်ရောက်နေသော ကျောင်းသူ၊ ကျောင်းသား ၉၅ ဦးအနက် ထက်ဝက်ခန့်မှာမူ စာမေးပွဲစည်းမျဉ်းများနှင့်အညီ ရိုးရိုးသားသား ဖြေဆိုခဲ့ကြောင်း သတင်းစာတွင် ဖော်ပြသည်။

မိမိတို့ကျောင်း၏ သင်ရိုးညွှန်းတမ်း တစ်စိတ်တစ်ဒေသအဖြစ် ကျောင်းသူ၊ ကျောင်းသားများသည် နီတိကျင့်ဝတ်များကို လိုက်နာရန်လိုအပ်ကြောင်း ပါမောက္ခချုပ် ဒေါက်တာလောရင့်စ်ဂိုးလ်ဘလတ်က ပြောကြားသည်။**အင်တာနက်။**



**အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကိုလံဘီယာခရိုင်တွင် တောမီးလောင်သဖြင့် ပျက်စီးသွားသော နေအိမ်အချို့ကို မေ ၁၃ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပဉ္စမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ
# ကျယ်ပြန့်သည့် စာပေဈေးကွက် သုတေသနပြုလုပ်ပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်

ရန်ကုန် မေ ၁၄

**ပဉ္စမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာနခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများကို ချီးမြှင့်သည်။**

ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်ကော်မတီဝင်များ၊ ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေ မိသားစုများ၊ စာပေဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဆရာဝန်တင်ရွှေ စာပေဆု အခမ်းအနားသည် ဆရာဝန်တင်ရွှေ၏စာပေသံယောဇဉ်နှင့် စာပေဝန်ဆောင်မှု စိတ်ဓာတ်ကို အရှိန်မပျက် ဆက်လက်ပြန့်ပွားစေရန်အတွက် နှစ်စဉ် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာဝန်တင်ရွှေကိုယ်တိုင်လည်း ၁၉၆၃ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် အနုပညာစာပေဆိုင်ရာ စာပဒေသာ(ပထမဆု)၊ ၁၉၉၄ခုနှစ်တွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကျမ်းစာပေအတွက် နှစ်သိမ့်ဆုနှင့်၊ ၁၉၉၆ခုနှစ်တွင် ဆေးသုတေသန စာတမ်းဖတ်ပွဲ အကောင်းဆုံး ပိုစတာဆုများကို ရရှိခဲ့ကြောင်း၊ မကွယ်လွန်မီ ၂၀၀၀ပြည့်နှစ်အထိ ၎င်းလေ့လာ တတ်မြောက်ထားသောပညာကို မြန်မာစာပေတွင် ဖြန့်ဖြူးနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ပေးခြင်း၊ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် ဘာသာရေး စာအုပ်များပြုစုခြင်း၊ ကလေးလူငယ်များအတွက် ဥာဏ်စမ်းစာအုပ်အမျိုးမျိုး ပြုစုထုတ်ဝေခြင်း စသည့် စာပေဆိုင်ရာ တာဝန်များစွာကို ထမ်းပိုးဆောင်ရွက် သွားခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ယနေ့အချိန်တွင် တင်ရွှေစာပေထုတ်ဝေရေး စာပေတိုက်၏ ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားသည် ပဉ္စမအကြိမ် မြောက်ပင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ နှစ်စဉ် စာပေဆုများကိုလည်း တစ်နှစ်ထက် တစ်နှစ် အရေအတွက် တိုးတက်ချီးမြှင့်လာလျက်ရှိကြောင်းကို တွေ့ရှိကြရမည် ဖြစ်ကြောင်း။

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းအသိအမြင် ဗဟုသုတတိုးပွားစေနိုင်သော မြန်မာစာအုပ်စာပေများ တိုးပွားထွက်ပေါ်လာရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ စာပေဖတ်ရှုသည့် အလေ့အထနှင့် စာဖတ်ပရိသတ်တိုးမြှင့်လာရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် စာပေလောက ရှင်သန်ထွန်းကားရေးအတွက် ဘက်စုံကဏ္ဍစုံက အားပေးစောင့်ရှောက်ကူညီပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ဦးစီးဦးဆောင် ပြုပြီး ရွေးချယ်ချီးမြှင့်သည့် စာပေဆုပေးပွဲများမှာ အမျိုးသားစာပေဆု၊ စာပေဗိမာန် စာမူဆုနှင့် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံဆုနှင့် တပ်မတော်နေ့ စာပေပြိုင်ပွဲဆုများဖြစ်ကြောင်း။

လက်ရှိ နိုင်ငံအတွင်း စာပေထုတ်ဝေနိုင်မှုအခြေအနေများကို လေ့လာ ကြည့်လျှင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏စာရင်းအရ ၁၉၈၈ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေဖြန့်ချိသည့် စာအုပ်စာတမ်း ၁၇၃၁မျိုးသာ ထွက်ရှိခဲ့ရာက ၂၀၀၆ခုနှစ်တွင် ၁၁၄၄၃မျိုးအထိ တိုးမြှင့်ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ်တွင် ထုတ်ဝေခဲ့သည့် စာအုပ်အမျိုးအစား ၁၁၄၄၃မျိုးအတွက် တစ်မျိုးချင်းစောင်ရေကိုကြည့်မည်ဆိုလျှင် ဂျာနယ်၊ မဂ္ဂဇင်းပေါင်း စောင်ရေ ၂၆သန်းခန့်အထိရှိခဲ့ပြီး ကျန်စာအုပ်အမျိုးအစားများအတွက် စောင်ရေ စုစုပေါင်း ငါးသန်းခန့်သာရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာပေ ပုံနှိပ်ဖြန့်ချိနိုင်မှုအရေအတွက်နှင့် စာဖတ်ရှုသည့် နိုင်ငံသူ၊ နိုင်ငံသားအရေအတွက် တို့ကို မြှင့်တင်ရန်လိုအပ်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေတွင် ထုတ်ဝေသူနယ်ပယ်အတွင်း မိမိတို့၏ထုတ်ဝေသည့်စာအုပ်၊ စာစောင် အမျိုးအစားအလိုက် စိတ်ဝင်စားသူ၊ စာဖတ်သူ လူဦးရေမည်မျှ ရှိသည်ဆိုသည်ကို သုတေသနလုပ်ထားသည့် စာပေဈေးကွက် သုတေသန မရှိသေးသည့်အတွက် ကျယ်ပြန့်သည့်စာပေဈေးကွက် သုတေသနပြုလုပ်ပြီး စာပေလောကဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်ကြောင်း၊ ထို့အတူ ပြည်ပ ဈေးကွက်ကို ထိုးဖောက်နိုင်ရေးကိုလည်း တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်သင့် ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီရန် အသင့်ရှိကြောင်း ပြောကြားလိုကြောင်း။

တစ်ပြိုင်နက်တည်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်အဆင့်အထိ စာကြည့်တိုက်ပေါင်း ခြောက်သောင်းနီးပါးကို ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလေးအားကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်လာလျှင် ပြည်သူလူထု၏ စာပေဖတ်ရှုမှုအလေ့အထ လည်း ပိုမိုများပြားလာမည်ဖြစ်ပြီး နိုင်ငံတော်၏ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကိုပါ အထောက်အကူပြုလာစေမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်သူလူထု၏ စာဖတ်အလေ့အထပွားများ လာခြင်းစသည်တို့ကြောင့် စာပေလောက၏ စာအုပ်စာပေ ပုံနှိပ်ဖြန့်ချိရေး ဈေးကွက်ပါ ကြီးမားကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာပေ ပညာရှင်များ၊ ပုံနှိပ်ထုတ်ဝေသူများအပါအဝင် စာပေလောကကြီးတစ်ခုလုံးက ကူညီပံ့ပိုးဆောင်ရွက်ပေးဖို့ တိုက်တွန်းပြောကြားလိုကြောင်း။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များကိုယ်စား ဆရာဝန်တင်ရွှေ၏ ဇနီး ဆရာမဒေါ်အေးသန့်က စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

နိဂုံးချုပ်ပြောကြားလိုသည်မှာ စာပေပညာရှင်၊ ပုံနှိပ်သူ၊ ထုတ်ဝေသူများ အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် သစ်ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ခံယူ ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ ထို့အတူ စာပေလောကဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးနေသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလ ပညာရှင်ပုဂ္ဂိုလ်များကလည်း တတ်အားသရွေ့ ပံ့ပိုးကူညီသွားကြရန်လိုအပ်မည် ဖြစ်ကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကျင်းပသော ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲကဲ့သို့ ဆုပေးပွဲများ နိုင်ငံတော်တွင် အမြောက်အမြား ထပ်မံပေါ်ထွက်လာစေကြောင်း ဆုမွန်ကောင်းတောင်းသကဲ့သို့ တစ်ဖက်တွင်လည်း မိမိနိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေပြီး အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေသည့် စာကောင်းပေခန့်များကို ရေးသားပြုစုသော စာပေပညာရှင် စာရေးဆရာများ ပေါ်ထွက်လာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပဉ္စမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရရှိသည့် ဒေါက်တာကျော်စိန်အား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပဉ္စမအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုရရှိကြသည့် **"နေရမည်မှာ ခြောက်လသာ"** စာအုပ်ရေးသားသူ ဒေါက်တာကျော်စိန်၊ **"မြန်မာ့ကျင့်ဝတ် သိက္ခာနှင့် လူမှုတန်ဖိုး"** စာအုပ်ရေးသားသူ ဒေါက်တာတိုးလှ၊ **"စောမုံညင်း၏ စောမုံညင်း"** စာအုပ်ရေးသားသူ ဒေါ်စောမုံညင်းနှင့် "Myanmar Traditional Monthly Festivals" စာအုပ်ရေးသားသူ ဒေါက်တာခင်မောင်ညွန့်တို့အား ဂုဏ်ပြုဆုများကို ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ဆုရရှိသူများကိုယ်စား ဒေါ်စောမုံညင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် အလှူရှင် များဖြစ်ကြသည့် ဦးကျော်ဇော-ဒေါ်လှ မိသားစုကစာအုပ် ၁၀၀၊ ရန်အောင်စာပေ မိသားစုက စာအုပ် ၅၀၊ ဦးလှငွေ-ဒေါ်ယုယု မိသားစုက စာအုပ် ၉၃အုပ်နှင့် ဆရာဝန်တင်ရွှေ စာပေမိသားစုက စာအုပ် ၂၀၀တို့ကို အလှူရှင်များကိုယ်စား ဆရာဝန်တင်ရွှေ၏ ဇနီး ဆရာမဒေါ်အေးသန့်က ပေးအပ်လှူဒါန်းရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံသည်။

ယင်းနောက် စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေ၏ ဇနီး ဆရာမ ဒေါ်အေးသန့်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ပဉ္စမအကြိမ် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသော စာရေးဆရာ၊ စာရေးဆရာမကြီးများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။
(သတင်းစဉ်)

## ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းများ ဇွန် ၄ ရက် တနင်္လာနေ့တွင် ဖွင့်မည်

**နေပြည်တော် မေ ၁၄**

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ နှစ်စဉ်ပုံမှန်သင်တန်းများဖြစ်သော မဟာပညာရေး ဘွဲ့နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်းများ၊ အလယ်တန်း ဆရာအတတ်သင် တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ (ဘီအီးဒီ) တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့(ဘီအီးဒီ)ပေါင်းကူး နှစ်နှစ်သင်တန်းနှင့် ဆရာအတတ်ပညာ ဒီပလိုမာ တစ်နှစ်သင်တန်းတို့ကို ၂၀၀၇ ခုနှစ် ဇွန် ၄ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည် ဖြစ်ရာ သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူ များသည် ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ မေနောက်ဆုံးပတ်အတွင်းရောက်ရှိ သတင်း ပို့ကြရန် ပြည်နယ်၊ တိုင်းအသီးသီးသို့ အကြောင်းကြားထားကြောင်း သတင်း ရရှိသည်။
(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၅-၂၀၀၇ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ကံ(၄)မျိုးတရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၈း၀၀ | ပြည်သူ့အကျိုးသယ်ပိုး (၃)နှစ်ပြည့် MRTV-4 |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | အသွင်သစ်အမြင်သစ် MRTV-4 ရုပ်သံသစ် |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၃၀ | Sunday Talk |
| ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၁၀း၁၅ | ချမ်းမြေ့စေတာ ချမ်းမြေ့မှာ ထာဝရရိပ်သာ |
| ၁၀း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၅ | ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အားထားရာမဏ္ဍိုင် UMFCCI |
| ၁၁း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅ | ပျိုမျစ်နုနယ်သော ကလေးငယ်များ၏အစွမ်း |
| ၁၁း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၄၀ | ကျန်းမာပျော်ရွှင်ဘဝတစ်ခွင် |
| ၁၁း၅၀ | တေးဂီတအစီအစဉ် |
| ၁၁း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂း၀၅ | သီတဂူရေအလှူတော် |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၀ | မြို့ပြအတွင်းနေထိုင်မှုဟန် |
| ၁၂း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ | ထင်ရှားတည်ရှိ မြင်းမထိ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ဖြိုးစေတနာ အခမဲ့ဆေးကုခန်းဖွင့်ပွဲ ကျင်းပ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ ဖြိုးစေတနာ အခမဲ့ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(မြို့တော်စည်ပင်)



ရန်ကုန် မေ ၁၄

**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာအခမဲ့ ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်း အနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက် ဖနစက်လမ်းရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ချီးမြှင့်ကြပြီး ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။**

ရှေးဦးစွာ ဖြိုးစေတနာအခမဲ့ ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဆေးခန်းရှေ့၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဖြိုးစေတနာအခမဲ့ ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများသည် ပြည်သူများ ကျန်းမာရေးကုသမှု ခံယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် ဖြိုးစေတနာ အခမဲ့ ဆေးကုခန်း ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါမြို့နယ် အသင်း ရုံးခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖြိုး စေတနာ အခမဲ့ဆေးကုခန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား အသီးသီး ပြောကြားကြသည်။

ယင်းနောက် အလှူရှင်၊ စေတနာရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ်တစ်သိန်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စိုးလျှပ်စစ်ကုမ္ပဏီ၊ ရန်ကုန်ထရန်စဖော်မာကုမ္ပဏီ၊ ရန်ကူးကုမ္ပဏီ၊ ခင်မောင်ညွန့်ကုမ္ပဏီ၊ အောင်ရည်ဖြိုးကုမ္ပဏီ၊ မြန်မာလိုက်တင်း (Myanmar Lighting) ကုမ္ပဏီ၊ စူပါပါဝါကုမ္ပဏီ၊ အော်ရိုရာကုမ္ပဏီ၊ မြန်မာတီထွင်သူများ သမဝါယမ အသင်း လီမိတက်၊ နောင်တုံကုမ္ပဏီနှင့် Original Group တို့က ငွေကျပ်သုံးသိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၄၂၇၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့ကလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယနေ့ ဖွင့်လှစ်သည့် ရန်ကုန် မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖြိုးစေတနာ အခမဲ့ဆေးကုခန်းကို အပတ်စဉ် သောကြာနေ့တွင် မွန်းလွဲ ၁နာရီမှ ညနေ ၄ နာရီ အထိနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၄နာရီမှ ည ၆နာရီအထိလည်းကောင်း၊ ဖြိုးစေတနာ မြန်မာတိုင်းရင်းဆေးကုဌာနကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိလည်းကောင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး၊ သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်ပြည်သူများ ကျန်းမာရေး အခမဲ့လာရောက် ကုသနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးအသိပညာပေး၊ ကွင်းဆင်းရောဂါရှာဖွေကုသ

ရန်ကုန် မေ ၁၄

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်သော အသင်းပိုင်ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန်များနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ မေ ၁၂ရက် နံနက်တွင် ရောက်ရှိလာရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦးက အသိပညာပေးရခြင်း အကြောင်းရင်းကို ရှင်းလင်းဆွေးနွေးပြီး ပါမောက္ခ ဒေါက်တာထွန်းရီက လုံခြုံစိတ်ချ မိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ သားဖွားခန်းသုံးဆေးနှင့် ဆေးပစ္စည်းများကို လှူဒါန်းရာ ခရိုင်ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ အဆိုပါ ကျန်းမာရေး အသိပညာပေး ဆွေးနွေးပွဲသို့ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအသင်းဝင်များနှင့် တာဝန်ရှိသူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် အဆိုပါအသင်းပိုင် သားဖွားခန်းကို အခြေပြု၍ အဖွဲ့ငယ်များခွဲကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၉၄ဦးအား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ PMCT စီမံချက်အရ မိခင်မှ သန္ဓေသားသို့ HIV ရောဂါပိုး ကူးစက်မှုတားဆီးကာကွယ်ကုသမှုပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် သွေးဖောက်စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၂၆ဦးအား သားအိမ်ခေါင်းကင်ဆာ ကြိုတင်သိရှိ ကာကွယ်ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီး အားလုံးအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများကို သက်ဆိုင်ရာ ဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၁၀၀ တို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် သားဖွားခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများကို ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ပဲခူးမြို့နယ် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ကြီးကြပ်အားပေးဆောင်ရွက်

ရန်ကုန် မေ ၁၄

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိသည့် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ရေး တတိယအဆင့်ဖြစ်သည့် အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရေးအစီအစဉ်လုပ်ငန်းများကို ယနေ့မှ မေ ၂၇ရက်အထိ ပဲခူးတိုင်း အရှေ့ပိုင်း၊ အနောက်ပိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့ရှိ မြို့နယ်များအားလုံး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ပဲခူးခရိုင်ရှိ ဝက်သက်ကာကွယ်ဆေးထိုးစုရပ်များသို့ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ဝင်များသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်) ရန်ကုန်မှ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြီးကြပ်အားပေးသည်။**

အဆိုပါအဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် ပဲခူးမြို့နယ် အင်းတကော် ကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဝက်သက်ကာကွယ်ဆေးထိုး စုရပ်သို့ ရောက်ရှိရာ ပဲခူးတိုင်း ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကြီးကြပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ စီစဉ်ပေးကြသည်။ ထိုမှတစ်ဆင့် ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် ဆေးထိုး စုရပ်၊ ဇိုင်းဂနိုင်းတောင်ပိုင်း ဆေးထိုးစုရပ်၊ မယင်းကျေးရွာ ဆေးထိုးစုရပ်နှင့် ပျဉ်ပုံကြီးစံပြကျေးရွာ ဆေးထိုးစုရပ်များသို့ သွားရောက် ကြီးကြပ်စစ်ဆေးကြသည်။

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ပဲခူးမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ငါးနှစ်အတွင်းရှိ ကလေးငယ်ပေါင်း ၆၁၉၃၁ ဦးတို့အား ဆေးထိုးစုရပ်ပေါင်း ၆၇၂ ခုတွင် တာဝန်ရှိသူ ကျန်းမာရေး ဝန်ထမ်းများက ကာကွယ်ဆေးများကို သတ်မှတ်ရက်အတွင်း ထိုးပေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

**ပဲခူးမြို့နယ် မယင်းကျေးရွာရှိ ဝက်သက်ကာကွယ်ဆေးထိုး စုရပ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်း ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ယူနီဆက်(ရန်ကုန်)မှ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။**(သတင်းစဉ်)



# စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေသက်သာ အရန်ပစ္စည်း မြန်မြန်ဆန်ဆန်ရရှိကာ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး အထောက်အကူပြု



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

➪ ပြန်ကြားရေးမှ
နေပြည်တော်တွင်တစ်ရုံ၊ ပြည်နယ်နှင့် တိုင်းများရှိ မြို့ကြီးများတွင် ရှစ်ရုံ စုစုပေါင်း ၁၃ ရုံရှိပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၌ ရန်ကုန်မြို့တွင် ငါးရုံ၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် တစ်ရုံစီဖြင့် စုစုပေါင်း ခုနစ်ရုံရှိကြောင်း။

၎င်းတို့အနက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် ပတ်လည်စက် ခြောက်လုံး၊ ရွက်ထိုးစက် ၁၄ လုံး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ပတ်လည်စက် ၁၀ လုံး၊ ရွက်ထိုးစက် ၁၁ လုံးနှင့် ခဲစာလုံး ပုံနှိပ်စက် ၂၀ စုစုပေါင်း ပုံနှိပ်စက်ပေါင်း ၆၁ လုံးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

## ဈေးကွက်ကျယ်ပြန့်မှုရှိ

အဆိုပါ စက်များအတွက် စက်အရန်ပစ္စည်း အမျိုးပေါင်းများစွာကို ပြည်ပမှ ဝယ်ယူသုံးစွဲနေရကြောင်း၊ တစ်နိုင်ငံလုံးတွင် မိမိတို့ သုံးစွဲနေသည့် ရွက်ထိုးစက်၊ ပတ်လည်စက်များနှင့် အမျိုးတူ သုံးစွဲနေသည့် ပုဂ္ဂလိကစက်များလည်း များပြားစွာရှိရာ ပြည်တွင်းမှ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ပြည်ပမှ ဝယ်ယူအသုံးပြုနေရသော စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ပါက ဈေးကွက်ကျယ်ပြန့်မှုရှိသဖြင့် အကျိုးကျေးဇူးများ များစွာရနိုင်မည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံခြားငွေ ခြိုးခြံချွေတာရာ ရောက်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပထမအကြိမ် ညှိနှိုင်းမှုအရ ထုတ်လုပ်ပေးနိုင်ခဲ့သည့် စက်အရန်ပစ္စည်းများထက် ယခုတစ်ကြိမ်တွင် စက်အရန်ပစ္စည်း အမျိုးအစားများစွာကို ပိုမိုတိုးမြှင့်ထုတ်လုပ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

## အကျိုးကျေးဇူးများရရှိမည်

ထို့နောက် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာ လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်က စက်မှုဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ပြည်တွင်း၌ မိမိတို့စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများတွင် အသုံးပြုနေသော စက်ကိရိယာများ၏ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေ ချွေတာသက်သာခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြင့် အရန်ပစ္စည်း မြန်မြန်ဆန်ဆန် ရရှိကာ စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် အထောက်အကူပြုခြင်း၊ ပြည်တွင်းပညာရှင်များနှင့် လုပ်ငန်းရှင်များ၏ နည်းပညာနှင့် လုပ်နိုင်စွမ်းအား ပိုမိုထက်မြက်မြင့်မားလာစေခြင်း၊ စက်ရုံ၊ အလုပ်ရုံ အငယ်စားများ၊ အလတ်စားများ ပိုမိုပေါ်ထွန်းလာကာ Supporting Industries များအဖြစ် စက်မှုနိုင်ငံထူထောင်ရေး ရည်မှန်းချက်ကို အထောက်အကူရစေခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်း ပွားများလာကာ ပြည်သူ၏ လူနေမှုဘဝကို တိုးတက်လာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း။

စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ ဝန်ကြီးဌာနအသီးသီးတွင် မိမိတို့အသုံးပြုနေသော စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို ခင်းကျင်းပြသနိုင်ခဲ့ပြီး ပြည်တွင်းပညာရှင်များ၊ ဌာနဆိုင်ရာမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးပြီး အကြံဉာဏ်၊ အတွေ့အကြုံများကို ပေါင်းစပ်နိုင်ခဲ့သည့်အတွက် ခင်းကျင်းပြသခဲ့သည့် ပစ္စည်းအမယ်ပေါင်း ၆၆၅၀ အနက်က ပစ္စည်းအမယ်ပေါင်း ၁၂၇၅ မယ်ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ခဲ့ပြီး နောက်ထပ် ၁၄၃၁ မယ်ကိုလည်း စမ်းသပ်ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တက်ရောက်လာကြသည့် ပညာရှင်များ၊ ဌာနဆိုင်ရာများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ဖြစ်သည့်အတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအားလုံးအား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါကြောင်း။

## အုပ်စုရှစ်ခုပါဝင်

ထိုကဲ့သို့ ဌာနဆိုင်ရာများက ပြသခဲ့သည့် ပစ္စည်းများ၌ သံကြွပ်အခြေပြုသော ပစ္စည်းများ၊ သံမဏိနှင့် သတ္တုစပ် အခြေပြုသော ပစ္စည်းများ၊ ရော်ဘာအခြေပြုသော ပစ္စည်းများ၊ Glass and Ceramic အခြေပြုသော ပစ္စည်းများ၊ Plastic and Polymer အခြေပြုသော ပစ္စည်းများ၊ Metal Coating အခြေပြုသော ပစ္စည်းများ၊ Composite Materials အခြေပြုသော ပစ္စည်းများနှင့် Electrical and Electronic အခြေပြုသော ပစ္စည်းများဟူ၍ အုပ်စုရှစ်ခု ပါဝင်ခဲ့ကြောင်း။

ထို့ကြောင့် အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များမှ မိမိတို့ကျွမ်းကျင်အားသာရာအပိုင်းမှ ဝိုင်းဝန်းပြီး အကြံပြုခြင်း၊ နည်းပညာအကူအညီပေးခြင်း၊ ထုတ်လုပ်ပေးခြင်း စသည်တို့ဖြင့် ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်နေသည့် စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး အကူအညီပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားသည်။



စက်မှု ဖွံ့ဖြိုးရေး ဆိုင် ရာ လေ့လာရေးနှင့် ပူး ပေါင်း ဆောင် ရွက် ရေး အ ဖွဲ့ ဥက္ကဋ္ဌ ကိုယ်စား ဒုတိယ ဥက္ကဋ္ဌ၊ ရထား ပို့ဆောင် ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး သူရ ဦးသောင်း လွင် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ခင်းကျင်းပြသထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက ပဏာမရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ(ပုံနှိပ်) ဦးကျော်သူက စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ စက်အရန်ပစ္စည်း ၃၁၅ မျိုး ခင်းကျင်းပြသထားမှုနှင့် စက်များ၏ ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ(ပုံနှိပ်) ဦးရန်မျိုးအောင်က သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ စက်အရန်ပစ္စည်း ၁၅၁မျိုး ခင်းကျင်းပြသထားမှုနှင့် သတင်းစာစက်များ၏ ထုတ်လုပ်လည်ပတ်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## လှည့်လည်ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်နှင့် ဧည့်သည်တော်များ၊ ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များသည် အစည်းအဝေးခန်းမအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ခင်းကျင်းတင်ပြထားသည့် သံ၊ သံမဏိတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၉၅မျိုး၊ သတ္တုစပ်သံမဏိဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၀မျိုး၊ သံမဏိမဟုတ်သော အခြားသတ္တုများဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း နှစ်မျိုး၊ ရော်ဘာဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၆၂ မျိုး၊ ပလတ်စတစ်၊ ဖိုင်ဘာနှင့် သစ်သားတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၂၆ မျိုးနှင့် လျှပ်စစ်နှင့်စပ်ဆိုင်သော စက်အရန်ပစ္စည်း အမျိုး ၂၀ အပါအဝင်



ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များ ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



## စက်အစိတ်အပိုင်းများ

ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ခင်းကျင်း ပြသထားသော စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှ ခင်းကျင်းပြသထားသော စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



လုပ်ငန်း အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက ပဏာမရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာ(ပုံနှိပ်) ဦးကျော်သူက စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ စက်အရန်ပစ္စည်း ၃၁၅ မျိုး ခင်းကျင်းပြသထားမှုနှင့် စက်များ၏ ထုတ်လုပ်မှုလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မန်နေဂျာ(ပုံနှိပ်) ဦးရန်မျိုးအောင်က သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ စက်အရန်ပစ္စည်း ၁၅၁မျိုး ခင်းကျင်းပြသထားမှုနှင့် သတင်းစာစက်များ၏ ထုတ်လုပ်လည်ပတ်မှု



...များ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### လှည့်လည်ကြည့်ရှုလေ့လာ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်နှင့် ဧည့်သည်တော်များ၊ ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များသည် အစည်းအဝေးခန်းမအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ခင်းကျင်းတင်ပြထားသည့် သံ၊ သံမဏိတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၉၅မျိုး၊ သတ္တုစပ်သံမဏိဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၀မျိုး၊ သံမဏိမဟုတ်သော အခြားသတ္တုများဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း နှစ်မျိုး၊ ရော်ဘာဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၆၂ မျိုး၊ ပလတ်စတစ်၊ ဖိုင်ဘာနှင့် သစ်သားတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၂၆ မျိုးနှင့် လျှပ်စစ်နှင့်စပ်ဆိုင်သော စက်အရန်ပစ္စည်း အမျိုး ၂၀ အပါအဝင် စုစုပေါင်းစက်အရန်ပစ္စည်း ၃၁၅ မျိုးတို့ကိုလည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ခင်းကျင်းတင်ပြထားသည့် သံ၊သံမဏိတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၉၁မျိုး၊ သတ္တုစပ်သံမဏိဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ကိုးမျိုး၊ သံမဏိမဟုတ်သော အခြားသတ္တုများဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၄ မျိုး၊ ရော်ဘာဖြင့်ပြုလုပ်ထားသော စက်အရန်ပစ္စည်း ၁၇မျိုး၊ ပလတ်စတစ်၊ ဖိုင်ဘာနှင့် သစ်သားတို့ဖြင့် ပြုလုပ်ထားသော စက်အရန်ပစ္စည်း သုံးမျိုးနှင့် လျှပ်စစ်နှင့်စပ်ဆိုင်သော စက်အရန်ပစ္စည်း ၁၇ မျိုး အပါအဝင် စုစုပေါင်း စက်အရန်ပစ္စည်း ၁၅၁ မျိုးတို့ကိုလည်းကောင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် ပုံနှိပ်စက်ရုံ၊ နေပြည်တော်ပုံနှိပ်စက်ရုံနှင့် အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ GTC နှင့် အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံတို့၏ ပုံနှိပ်စက်နှင့် လုပ်ငန်းသုံးစက်များ နှစ်ပတ်လည်ကြံ့ခိုင်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်တို့၏ ပုံနှိပ်စက် နှစ်ပတ်လည် စက်ကြံ့ခိုင်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပညာရှင်များနှင့် စက်မှုလုပ်ငန်းရှင်များက စက်အရန်ပစ္စည်းနှင့် စက်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် အကြံပြုညှိနှိုင်းဆွေးနွေး တင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဆက်လက်ခင်းကျင်းပြသထားမည်ဖြစ်ရာ စက်မှုပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များ လာရောက်ကြည့်ရှု လေ့လာနိုင်ကြပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ် ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဆက်သွယ်အကြံပြု ညှိနှိုင်းဆွေးနွေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





## ✻ နေပြည်တော်ဒေသမှ

ထို့နောက် ဗိုလ်ချုပ်မြင့်လှိုင်က နေပြည်တော်ဒေသသည် ယခင်က ကြံအလွန်ထွက်ရှိသည့် ဒေသဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က သကြားစက်ကြီး လေးစက်အထိ တည်ထောင်ပေးခဲ့ကြောင်း၊ ယခုအခါ ကြံအထွက်နှုန်းနည်းလာပြီး ကြံစိုက်ပျိုးမှုပမာဏ လျော့ကျသွားကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ရှိသူများဘက်က လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပေးပြီး စိုက်ပျိုးနည်းစနစ်တို့ကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယခုစမ်းသပ်စိုက်ပျိုးသည့် ဆင်းရွှေလီကြံသည် တစ်ဧက ပျမ်းမျှတန် ၅၀ ကျော် ထွက်သည့်အတွက် ဆင်းရွှေလီကြံစိုက်ခင်းများမှ မျိုးယူ၍ နောင်နှစ်များတွင် တိုးချဲ့စိုက်ပျိုးသွားရန်လိုကြောင်းစသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

### အကျယ်တဝင့် တိုက်တွန်းမှာကြား

ဆက်လက်၍ တိုင်းမှူးက မှာကြားရာတွင် တိုင်းနယ်မြေအတွင်း၌ ဆင်းရွှေလီကြံကဲ့သို့ မျိုးကောင်းမျိုးသန့်ကြံများ ယခုကဲ့သို့ ဖြစ်ထွန်းအောင်မြင်မှု တွေ့ရသည့်အတွက် ဒေသအတွင်း မျိုးကောင်းမျိုးသန့် ကြံမျိုးများ ဖြန့်ဝေတိုးချဲ့ စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း၊ ကြံသည်စီမံကိန်းဝင် သီးနှံ ၁၀မျိုးအနက် တစ်မျိုးအပါအဝင် ဖြစ်သည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ နေပြည်တော်ဒေသအတွင်း ကြံစိုက်ဧက ၄၀၀၀၀ လျာထားသတ်မှတ်ပြီးဖြစ်၍ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ စသည်ဖြင့် အကျယ်တဝင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မြင့်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စံပြသုတေသန စိုက်ခင်းအမှတ်(၁)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးကြီးခင်မောင်ဦးက စံပြစိုက်ခင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ကြံစိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

### တောက်ပြိုရေလှောင်တမံ

ဆက်လက်၍ ဗိုလ်ချုပ်မြင့်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောက်ပြိုရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က တောက်ပြိုရေလှောင်တမံစီမံကိန်း၏ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မြင့်လှိုင်နှင့် တိုင်းမှူးတို့က လိုအပ်ချက်များကို မှာကြား၍ စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တောက်ပြိုရေလှောင်တမံသည် တောက်ပြိုချောင်းပေါ်၌ တည်ရှိ၍ အလျား ၇၂၅ ပေ၊ အမြင့်ပေ ၄၀ နှင့် ရေပမာဏ ၃၃၄၅ဧကေခန့် သိုလှောင်နိုင်သော မြေသားရေလှောင်တမံ တစ်ခုဖြစ်ပြီး စီမံကိန်းပြီးစီးပါက ဒေသအတွင်း မိုးကောင်းသောက်လယ်မြေများကို ရေသေချာသော ဆည်ရေသောက် မိုးစပါးစိုက်ဧကများနှင့် နွေစပါးဧက ၄၀၀ ခန့် တိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ❀ သွင်းကုန်ထုတ်ကုန်မှ

များအား X Ray စက်များဖြင့် စစ်ဆေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေဆိပ်ခံတံတားများ တစ်လျှောက် ဆိုက်ကပ်ထားသော သင်္ဘောများပေါ်မှ ကုန်ပစ္စည်းများ တင်ချပြုလုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စက်မှုဆိပ်ကမ်းသို့ သွားရောက်၍ စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ စက်မှုလယ်ယာသုံးစက်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ အထပ်သား ကုန်ကြမ်းများ ဖွင့်ဖောက်စစ်ဆေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့မှုဖြစ်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန်နှင့် သင်္ဘောများပေါ်သို့ ကုန်သေတ္တာများ တင်ချရာတွင် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်ချိန်အတွင်း လုပ်ငန်းများ လျင်မြန် ချောမွေ့မှုရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စက်မှုဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဝေဠုဝတီ(၅) ရေယာဉ်ပေါ်မှ သစ်လုံးများတင်ချ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ Asia Worldဆိပ်ခံတံတားသို့ ရောက်ရှိ၍ ကုန်သေတ္တာများအတွင်းရှိ အထည်အလိပ်များ၊ လူသုံးကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးကုန်ပစ္စည်းများ ဖွင့်ဖောက်စစ်ဆေးနေမှု အခြေအနေများ၊ ကုန်သေတ္တာများ သင်္ဘောပေါ်မှ တင်ချနေမှုအခြေအနေနှင့် ကုန်သေတ္တာများအား X Ray စက်များဖြင့် စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝန်ထမ်းမိသားစု၏ စုပေါင်း ဒုလ္လဘ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၄

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့သည် မေ ၁၃ ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝန်ထမ်းမိသားစု၏ စုပေါင်းဒုလ္လဘ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်အားပေးသည်။**

ရှေးဦးစွာ အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာနမဟာနာယက စာချဆရာတော် အမှူးပြုသော ပင့်သံဃာတော် ၁၀ ပါး၊ ဒုလ္လဘရဟန်း အပါး ၄၀ နှင့် ရှင်သာမဏေ ခြောက်ပါးတို့အား ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများက လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်ခန်းမ၌ ပင့်သံဃာ ၁၀ ပါးတို့အား ဝန်ကြီးနှင့် ဇနီး၊ ဝန်ထမ်းမိသားစုတို့က နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အလှူတော်မင်္ဂလာပွဲကို အလှူတော် မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ဝန်ထမ်းမိသားစုများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အလှူတော်မင်္ဂလာပွဲ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အလုံမြို့နယ် အောင်မင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာနနာယက စာချဆရာတော် ဘဒ္ဒန္တကုန္ဒလထံမှ ဝန်ကြီး၊ ဇနီးနှင့် ဝန်ထမ်းမိသားစုများ၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်သင်္ကန်း၊ ဝတ္ထုပစ္စည်း အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဝန်ကြီး၊ ဇနီးတို့က ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၂၅ ရက် မှ ၃၁ ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

## ဖြူးဆရာတော် ပြည်ပမှ ပြန်လည်ကြွရောက်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာနှင့် ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည် သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ပြည်တွင်း ပြည်ပ မဟာစည် နာယက ကမ္ဘာ့ဗုဒ္ဓ သာသနာပြု ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်သူမြတ်သည် ထိုင်းနိုင်ငံ၌ ဆေးကုသမှု ခံယူပြီးစီး၍ မေ ၁၃ ရက် ည ၉နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်ကြောင်း သိရသည်။

(က-ပ)

ရှောင်လေဝေးဝေး

မူးယစ်ဆေး

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၅-၅-၂၀၀၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈း၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၂၀ | ၈။ | အကပြိုင်ပွဲ |
| ၈း၂၅ | ၈။ | ပုလင်းရေလှောင်တမံ |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | Let's Go. |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | English for Every day Use. |
| ၄း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သင်္ချာအထူးပြု)(သင်္ချာ) |
| ၅း၀၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၅း၁၅ | ၆။ | ခံစားနားဆင်တေးဓာတ်ဝင် |
| ၅း၂၅ | ၇။ | **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)** |
| ၅း၃၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၆း၅၀ | ၁၂။ | အသွင်ပြောင်းဒီပလိုမေစီ၏ ဓာတ်ကောင်များကို အထူးသတိပြု (အပိုင်း-၁) |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာ ဘဝပင်ခြားသော်လည်း" (အပိုင်း-၁၉)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း-၁၀)** |
| | ၁၈။ | မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော် |
| | ၁၉။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၀။ | အစီအစဉ်ပြီး၏။ |

# တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့် တံတားတည်ဆောက်ရေးနှင့် ဆင်းရွှေလီနွေစပါး အောင်မြင်မှု ကြည့်ရှုစစ်ဆေး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဘောလုံးအသင်း ဂုဏ်ပြုပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၁၄

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁ ရက်မွန်းလွဲ ၁ နာရီက ကွတ်ခိုင်မြို့နယ်၊ နမ့်မော ချောင်းကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအောင်သောင်းက တံတားသစ်တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

အဆိုပါတံတားသည် သံကူကွန်ကရစ် သစ်သားတံတားဖြစ်ပြီး တန်ဖိုးငွေကျပ် သိန်း ၃၄၀ ကုန်ကျမည်ဖြစ်ကြောင်း သိရှိရသည်။

### ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့နယ်၊ မြို့မကွင်း၌ ကျင်းပသည့် ဆင်းရွှေလီ နွေစပါးတစ်ဆက်တစ်စပ်တည်း ခြောက်ဧက ဓာတ်မြေဩဇာကြဲပက်ပွဲသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်အတူ တပျော်တပါးကြဲပက်ပေးကာ ဒေသခံတောင်သူများ၏ ဆင်းရွှေလီနွေစပါး အောင်မြင်ဖြစ်ထွန်းနေမှုများအား ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### တက်ရောက်

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့နယ် ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပသော (၁၀)ကြိမ်မြောက် အသက် ၁၃နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုနှင့် အသန့်ရှင်းဆုံးဆု ရရှိခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) ဘောလုံးအသင်း ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အသင်းအုပ်ချုပ်သူ ဦးကျော်ရာဇာက (၁၀)ကြိမ်မြောက် အသက် ၁၃နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုနှင့် အသန့်ရှင်းဆုံးဆုဖလားအား ပြန်လည်အပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် တိုင်းမှူးက အကောင်းဆုံးဂိုးသမားဆုနှင့် နောက်တန်း အကောင်းဆုံးဆု ရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး အသက် ၁၃နှစ်နှင့်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုနှင့် အသန့်ရှင်းဆုံးဆုရရှိခဲ့သော ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူ ဦးကျော်ရာဇာက လက်ခံရယူသည်။ ဆက်လက်၍ တိုင်းမှူးသည် လာမည့်နှစ်တွင် ပြိုင်ပွဲဝင်မည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းနှင့် ပြည်နယ်အဆင့်လက်ရွေးစင်ဘောလုံးအသင်း အားကစားသမားဟောင်းကြီးများ ခြေစမ်းပွဲအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုး မဟာစည်ရိပ်သာအတွင်း၌ တည်ဆောက်လျက်ရှိသော မဟာစည်သိမ်ကျောင်းတော်နှင့် ရွှေတိဂုံပုံတူစေတီ တည်ထားကိုးကွယ်ရန်အတွက် ရန်ကုန်မြို့ အလုံမြို့နယ် စက်ရေတွင်းလမ်းမှ ဦးကျော်ကျော်သက်-ဒေါ်ဖြူလှဝင်းမိသားစုက ငွေကျပ် ၆၅သိန်းကို မဟာစည်နာယက ဘဒ္ဒန္တဝိစာရိန္ဒ (သာယာကုန်းဆရာတော်) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသူများအား ဂုဏ်ပြုပွဲသို့ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၄

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၆ ရက်တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပသည့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့မှ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုသည့် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### ချီးမြှင့်အပ်နှင်းဂုဏ်ပြု

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်အပေါ် ကျေးဇူးသစ္စာစောင့်သိရှိသေပြီး ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားသမားများကို နှစ်စဉ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းဂုဏ်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၏ ဦးဆောင်လမ်းညွှန်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ အနီးကပ်ကြီးကြပ်မှု၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် အသီးသီးနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းမှုများကြောင့် ၁၉၉၉ ခုနှစ် အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၀ ခု စုစုပေါင်း ဆုတံဆိပ်၂၃ ခုသာ ရရှိခဲ့ရာမှ ၂၀၀၁ ခုနှစ် (၂၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၉ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ် ၅၂ ခု စုစုပေါင်း ၈၆ ခု၊ ၂၀၀၃ ခုနှစ် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၄၀၊ ကြေးတံဆိပ် ၅၀ စုစုပေါင်းဆုတံဆိပ် ၁၀၈ ခုနှင့် ၂၀၀၅ ခုနှစ် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ် ၁၇ ခု၊ ငွေတံဆိပ် ၃၄ ခု၊ ကြေးတံဆိပ် ၄၈ ခု စုစုပေါင်း ဆုတံဆိပ် ၉၉ ခု တိုးတက်ရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုအတွက် နိုင်ငံတော်ပိုင်းက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုအခမ်းအနားများနှင့်အတူ ဂုဏ်ပြုဆုငွေများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ရုံမကဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့်လည်း နိုင်ငံ့ဂုဏ်မြှင့်တင်ခဲ့ကြသည့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အားကစား အဖွဲ့ချုပ် အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ ယခုလာမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုပိုမိုရရှိပြီး ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းခံရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက်ဝန်ကြီးက လူမှုထူးချွန်(ပထမဆင့်)ရရှိသူသုံးဦး၊ လူမှုထူးချွန်(ဒုတိယဆင့်)ရရှိသူ ၂၀၊ လူမှုထူးချွန်(တတိယဆင့်)ရရှိသူ ၅၁ ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ငါးဦး စုစုပေါင်း ၇၉ ဦးတို့အား နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာနတို့က ချီးမြှင့်ငွေများနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)



မန္တလေးတိုင်း ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲ အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး ပညာသင်မြန်မာရဟန်းတော်များ အဖွဲ့ပိုင်သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ(အောက်လမ်း) မေရတနာ စိန်၊ ရွှေရတနာရောင်းဝယ်ရေးမှ ဒေါ်လှ၊ ဒေါ်ဥမိသားစုက အမေရိကန် ဒေါ်လာတစ်ရာ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)




ရန်ကုန်မြို့ လှိုင်မြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင် ၄ လမ်းနေ ဦးမောင်မောင်-ဒေါ်ညွန့်သိန်း မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

# ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးကျင်းပ

**ရန်ကုန် မေ ၁၄**

ပထမအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီက လှိုင်လင်မြို့ စည်ပင်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး တက်ရောက်၍ အဖွင့်အမှာစကားပြော ကြားသည်။

**– လက်တွေ့သရုပ်ပြ –**

ထို့နောက် လှိုင်လင်ခရိုင် လှိုင်လင်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းသိန်းက မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ချက်များ လိုက်နာသွားရမည့် စည်းကမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ရဲအုပ်ဌေးရွှေက လမ်းအသုံးပြုသူများ၊ ယာဉ်အသုံးပြုသူများ သိရှိလိုက်နာသွားရမည့် စည်းကမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ သုံးဦးက ယာဉ်အန္တရာယ်ကာကွယ်ထိန်းသိမ်းမှုများကို လက်တွေ့သရုပ်ပြကြသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၅-၅-၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄:၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| ၄:၅၀ | ၆။ | ပညာခေတ် |
| ၄:၅၅ | ၇။ | မျိုးချစ်တပ်မတော် |
| ၅:၄၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း-၁၇)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | မွေးမြူသုတ |
| | ၁၈။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း-၆)** |
| | ၂၀။ | သင့်အတွက်မနက်ဖြန် |
| | ၂၁။ | အပိတ်နှုတ်ဆက်စကား |
| | ၂၂။ | ပြီးပါပြီ။ |

# မြန်ကြားရေးဝန်ကြီးဌာန မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိ စွမ်းရည်မြှင့် သင်တန်း(၂/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၄**

**မြန်ကြားရေးဝန်ကြီးဌာန မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း (၂/၂၀၀၇)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်က အဖွင့်အမှာစကားပြောကြားရာတွင် **(အောက်ပုံ)** မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း ရည်ရွယ်ချက်ငါးရပ်ဖြစ်သော လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ စိတ်ပိုင်းဆိုင်ရာအရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် ကျွမ်းကျင်မှု မြင့်မားစေရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရန်၊ သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားအောင် လေ့ကျင့်ရန်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရန်၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်ခုနစ်ရပ်၊ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ် ရည်မှန်းချက်တာဝန်ကိုးရပ်နှင့် စာကြည့်တိုက်လုပ်ငန်းစဉ်ငါးရပ်ဖြစ်သော ပြည်သူများ စာဖတ်စေရေး၊ စာအုပ် စာစောင်အသစ်များ တိုးပွားရေး၊ အဆောက်အအုံမရှိသေးက ရှိအောင်ဆောင်ရွက်ရေး၊ ပရိဘောဂစုံလင်ရေး၊ စာကြည့်တိုက်မှူးလေ့ကျင့် ပျိုးထောင်ပေးရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်များမှ ဒုတိယဦးစီးမှူးများ၊ စာထောက် (၃)များနှင့် ရုပ်သံ(၃) အဆင့်ရှိ သင်တန်းသားသင်တန်းသူ ၅၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)






# ဒေးဗစ်ဖလားတင်းနစ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကျင်းပ

**ရန်ကုန် မေ ၁၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် 2007 Davis Cup by BNP Paribas Asia / Oceania Zone Group IV တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် (က) အုပ်စုမှ Tajikistanအသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို သုံးပွဲ-ပွဲမရှိဖြင့်နိုင်ပြီး (ခ) အုပ်စုမှ ဆီးရီးယားအသင်းက မြန်မာအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ထူးခြားသည့်အပူချိန်များ

၁၄-၅-၂၀၀၇

| | |
|---|---|
| နေပြည်တော် | ၉၅ ဒီဂရီ ဖာရင်ဟိုက် |
| ရန်ကုန် | ၈၆ ဒီဂရီ ဖာရင်ဟိုက် |
| မန္တလေး | ၉၅ ဒီဂရီ ဖာရင်ဟိုက် |
| ရွှေကျင် | ၉၅ ဒီဂရီ ဖာရင်ဟိုက် |
| ရေး | ၉၅ ဒီဂရီ ဖာရင်ဟိုက် |

## ကြေးမုံ The Mirror — အင်တာနက်အားကစားသတင်းများ

# အက်ဖ်အေဖလား ဗိုလ်လုပွဲအတွက် မန်နေဂျာ မော်ရင်ဟို ရှုန်းကန်နေရ

**လန်ဒန် မေ ၁၄**

လာမည့် စနေနေ့တွင်ကျင်းပမည့် အက်ဖ်အေဖလားဗိုလ်လုပွဲ ဝင်မည့် မိမိတို့အသင်းတွင် ထိခိုက်ဒဏ်ရာရဘောလုံးသမားများပြားနေသဖြင့် ကြံ့ခိုင်မှုရှိသော ပထမဦးစားပေး ဘောလုံးသမား ၁၆ဦး စုစည်းရန် ခက်ခက်ခဲခဲ ဆောင်ရွက်နေရကြောင်း ချယ်လ်ဆီးအသင်းမန်နေဂျာ ဟိုဆေးမော်ရင်ဟိုက ယနေ့ပြောကြားသည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားဗိုလ်လုပွဲသည် ပွဲကြီးပွဲကောင်းဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့အသင်းတွင် ပထမဦးစားပေးဘောလုံးသမား ၁၆ ဦး ပြည့်ပြည့်စုံစုံရှိလိမ့်မည်ဟု မိမိ မထင်မြင်ကြောင်း၊ ယင်း ၁၆ဦးတွင် အရန်ဂိုးသမားများကို ထည့်သွင်းထားခြင်းမရှိကြောင်း မော်ရင်ဟိုကပြောကြားသည်။

ပရီမီယာလိဂ်နောက်ဆုံးပွဲအဖြစ် အဲဗာတန်အသင်းနှင့်ယှဉ်ပြိုင်ကစားသည့်ပွဲ၏ ဒုတိယပိုင်းတွင် ကွင်းလယ်ကစားသမား ဂျွန်အိုဘီမိုက်ကယ် ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ တိုက်စစ်မှူး အင်ဒရီရှက်စ်ချင်ကိုမှာ အူကျရောဂါခံစားနေရပြီး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်မှာ ခြေချင်းဝတ်ဒဏ်ရာရရှိထားကြောင်း၊ ၎င်းတို့သည် ဒူးခေါင်းဒဏ်ရာရထားသူ နောက်တန်းလူ ရီကာဒိုကာဗယ်ဟိုနှင့်အတူ အက်ဖ်အေဖလားပွဲ၌ ပါဝင်နိုင်မည် မဟုတ်ကြောင်း မော်ရင်ဟိုကပြောကြားသည်။ ***အင်တာနက်***



**မေ ၁၃ရက်က ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဂျွန်တယ်ရီ(ဝဲ)က အဲဗာတန်အသင်းမှ လီယွန်အိုစမန်ဘေးမှ ဘောလုံးသယ်ယူစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**မေ ၁၃ ရက်က ချာလ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲအပြီးတွင် လီဗာပူးအသင်းသားများ ရော်ဘီဖောင်လာ(ယာ)အား ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ရော်ဘီဖောင်လာ လီဗာပူးအသင်းကို နှုတ်ဆက်ပြီ

**လီဗာပူး မေ ၁၄**

တိုက်စစ်မှူးရော်ဘီဖောင်လာသည် လီဗာပူးအသင်းတွင် ၎င်း၏ နောက်ဆုံးပွဲအဖြစ် မေ ၁၃ရက်က အန်ဖီးလ်ကွင်း၌ကစားခဲ့ကြောင်း၊ ချာလ်တန် အသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ယင်းပွဲ၏ပွဲပြီးဆုံးချိန် ခရာမှုတ်သံပေါ်ထွက်လာသည့်အခါ မျက်ရည်ဝဲနေသော ဖောင်လာကို လီဗာပူးအသင်းသားများက လက်ခုပ်တီးကာ ဂုဏ်ပြုနှုတ်ဆက်ကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက် (၃၂)နှစ်ရှိ ဖောင်လာကို ကန်ထရိုက်သက်တမ်းတိုးရန် ကမ်းလှမ်းခြင်းမရှိသဖြင့် ၎င်းမှာ အသင်းမှ ထွက်ခွာသွားရတော့မည်ဖြစ်သည်။

မိမိသည် လီဗာပူးအသင်းမှထွက်ခွာရတော့မည်ဖြစ်ကြောင်း၊ သို့ရာတွင် လာမည့်ရက်သတ္တပတ်၌အေစီမီလန်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် မိမိပါဝင်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ယင်းမှာ လီဗာပူးအသင်းတွင် မိမိ၏နောက်ဆုံးမျှော်လင့်ချက်ပင်ဖြစ်ကြောင်း ဖောင်လာကပြောကြားသည်။ ***အင်တာနက်***

# အိုလံပီယာကော့စ်အသင်းမှ ရီဗယ်လ်ဒိုနုတ်ထွက်

**အေသင် မေ ၁၄**

ကန်ထရိုက်စာချုပ်ဆိုင်ရာ အငြင်းပွားမှုကြောင့် ဂရိချန်ပီယံ အိုလံပီယာကော့စ်အသင်းမှ ဘရာဇီးဘောလုံးသမား ရီဗယ်လ်ဒို နုတ်ထွက်သွားပြီဖြစ်ကြောင်း ယနေ့အင်တာနက်သတင်းတွင်ဖော်ပြသည်။

ရီဗယ်လ်ဒိုသည် လက်ရှိဘောလုံးရာသီ၏ နောက်ဆုံးပွဲတွင် ပါဝင်ကစားခြင်းမရှိပေ။ အိုလံပီယာကော့စ်အသင်း၏ အောင်ပွဲရအခမ်းအနားများသို့လည်း တက်ရောက်ခြင်းမရှိပေ။ရီဗယ်လ်ဒိုသည် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီတွင် အိုလံပီယာ ကော့စ်အသင်း၌ ဆက်လက်ကစားမည်ဟု ၎င်းကိုယ်တိုင်ကရော၊ အသင်း တာဝန်ရှိသူများကပါ ဖေဖော်ဝါရီလတွင်ပြောကြားသည်။ မိမိနှင့်ဘောလုံးအသင်းအကြီးအကဲတို့ နှုတ်အားဖြင့်သဘောတူညီခဲ့မှုမှာ ပျက်ပြားသွားပြီဖြစ်ကြောင်းရီဗယ်လ်ဒိုကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အင်တာနက်***



**အိုလံပီယာကော့စ် အသင်းမှ နုတ်ထွက်သူ ရီဗယ်လ်ဒို။** (ဓာတ်ပုံ-အင်တာနက်)

# မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ရှိုင်ယန်ဂစ် ဆက်လက်ရှိနေမည်

**မန်ချက်စတာ မေ ၁၄**

မန်ချက်စတာယူနိုက်တက်အသင်း၏ ကွင်းလယ်ကစားသမား ရှိုင်ယန်ဂစ်သည် မိမိတို့အသင်းတွင် နောက်ထပ်ဘောလုံးရာသီနှစ်ရာသီ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း မန်နေဂျာဆာအဲလက်စ်ဖာဂူဆန်က ယနေ့ပြောကြားသည်။

**ချန်ပီယံဆုဖလားကိုးကြိမ်**

အသက် (၃၃) နှစ်ရှိ ဂစ်သည် ပရီမီယာလိဂ် ချန်ပီယံဆုဖလား ကိုးကြိမ်တိုင်တိုင်ဆွတ်ခူးနိုင်သည့် ပထမဆုံးသောဘောလုံးသမားဖြစ်လာသည်။ ဂစ်ပါဝင်သည့် မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၀၃ ခုနှစ် နောက်ပိုင်း ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရယူနိုင်သည်။

**အောင်မြင်မှုသယ်ဆောင်နိုင်မည်**

ဂစ်သည် ၁၉၉၁ ခုနှစ်တွင် မန်ချက်စတာ ယူနိုက်တက်အသင်းသို့ ရောက်လာခဲ့ကြောင်း၊ မိမိတို့အသင်းတွင် ၎င်း၏ အောင်မြင်မှုကို လာမည့် ဘောလုံးရာသီများသို့တိုင် သယ်ဆောင်နိုင်မည်ဟု မိမိယုံကြည်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

***အင်တာနက်***

# မြန်မာ-အိန္ဒိယချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲဆက်

ရန်ကုန် မေ ၁၄

**မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းတို့၏ ချစ်ကြည်ရေးလက်ရည်စမ်းပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

ချစ်ကြည်ရေးပွဲတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းက ၂၅-၁၁ မှတ်၊ ၂၅-၁၈မှတ်၊ ၂၅-၂၃ မှတ် သုံးပွဲ ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ ပထမပွဲငယ်တွင် အဖွဲ့ချုပ် လက်ရွေးစင်အသင်းမှာ အသင်း၏ အမာခံကစားသမားများဖြစ်သည့် ရဲမင်းအောင်၊ ကျော်ဇင်ဝင်းထွဋ်၊ ကျော်ရွှေနှင့် စံရွှေမောင် စသည့် ကစားသမားများ ပါဝင်ကစားရာ အိန္ဒိယတက္ကသိုလ်အသင်း လက်ရည်အရ မယှဉ်ပြိုင်နိုင်ခဲ့ဘဲ အမှတ်ပြတ်ဖြင့် အရေးနိမ့်သွားခြင်းဖြစ်သည်။ အထူးသဖြင့် အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ ရိုက်ခုတ်ချက်ပြတ်သား၍ အမှတ်ပိုပြတ်သွားခြင်းဖြစ်သည်။

ဒုတိယပွဲငယ်တွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းမှာ အမာခံကစားသမားအချို့ကို အနားပေးပြီး အရန်ကစားသမားများကို ပွဲထုတ်လာသည်။ အိန္ဒိယတက္ကသိုလ်အသင်း နိုင်ပွဲပြန်ရရန် ကြိုးစားသော်လည်း မယှဉ်သာခဲ့ဘဲ ထပ်မံအရေးနိမ့်ခဲ့ရသည်။ တတိယပွဲငယ်တွင် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်း ပိုအားထည့်လာပြီး အဖွဲ့ချုပ်လက်ရွေးစင်အသင်းအား အမှတ်ပြတ်မခံဘဲ နောက်မှ ထက်ကြပ်မကွာလိုက်ခဲ့သည်။ သို့သော် အဖွဲ့ချုပ် လက်ရွေးစင်အသင်းမှာ ရသင့်သည့် အမှတ်များကိုအရယူနိုင်ခဲ့၍ ၂၅-၂၃ မှတ်ဖြင့် ပွတ်ကာသီကာ အနိုင်ရရှိသွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယတက္ကသိုလ် ချန်ပီယံအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းပွဲ တတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲ ရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



**မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အသင်းမှ ကျော်ဇင်ဝင်းထွဋ်၏ ရိုက်ချက်ကို အိန္ဒိယတက္ကသိုလ်အသင်း ပိတ်ဆို့စဉ်။** (ဓာတ်ပုံ-စိုးညွန့်၊ကြေးမုံ)



**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီနည်းပြဆရာအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။** (ဟော်ကီအဖွဲ့ချုပ်)

# ဟော်ကီနည်းပြသင်တန်းဆင်းအား/ ကာညွှန်ကြားရေးမှူးချုပ် လက်မှတ်ပေးအပ်

ရန်ကုန် မေ ၁၄

အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် (FIH)နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဟော်ကီနည်းပြသင်တန်း (Nation Coaching Course) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ် (Tong Tah)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကားပြောကြားပြီး ပါကစ္စတန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အဆင့်(၁) ဟော်ကီနည်းပြ Mr. K. M. Awais က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ဆက်လက်၍ ပါကစ္စတန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အဆင့်(၁) နည်းပြဆရာ Mr. K.M. Awais က အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် (FIH)က ပေးပို့သော ဟော်ကီအားကစားပစ္စည်းများကို ပေးအပ်ရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး အပြည်ပြည်ဆိုင်ရာအဆင့်(၁) နည်းပြဆရာအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဟော်ကီနည်းပြများအား မြန်မာဟော်ကီ အားကစား တိုးတက်ဖွံ့ဖြိုးရေးအတွက်သင်တန်းသား၊သင်တန်းသူများအားသင်ကြားပေးလိုက်သော ဟော်ကီအားကစား နည်းပညာများကို မိမိတို့တာဝန်ကျရာနေရာများတွင် ထပ်ဆင့်သင်ကြားပေးမှသာ တိုးတက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကလည်း နည်းပညာများ၊ အားကစားပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အဆင့်လိုက်ပြိုင်ပွဲများ ကျင်းပခြင်းတို့ရှိမှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်းဖြင့် ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ
# ရေဝတီ၊ စစ်ကိုင်းနှင့် ရန်ကုန် အမျိုးသားအသင်းတို့ အနိုင်ရ

ရန်ကုန် မေ ၁၄

**၂၀၀၇ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

**အနိုင်ရရှိ**

ယနေ့ပွဲစဉ်အဖြစ် အမျိုးသားသုံးပွဲ၊ အမျိုးသမီးသုံးပွဲ ကျင်းပသည်။ အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းက ကယားပြည်နယ်ကို ၇၂-၂၄ မှတ်၊ စစ်ကိုင်းတိုင်းက ရခိုင်ပြည်နယ်ကို ၂၈-၁၀ မှတ်၊ ရန်ကုန်တိုင်းက ရှမ်း/တောင်ကို ၈၆-၃၀ မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို ၄၉-၇ မှတ်၊ စစ်ကိုင်းတိုင်း က မွန်ပြည်နယ်ကို ၄၅-၁၆ မှတ်၊ ပဲခူးတိုင်းက ရှမ်း/တောင်ကို ၃၅-၁၁ မှတ်တို့ဖြင့် အသီးသီး အနိုင်ရရှိသွားကြသည်။

**ကျင်းပမည်**

မေ ၁၅ ရက် ပွဲစဉ်များကို နံနက် ၉ နာရီမှ စတင်၍ ကျင်းပမည်ဖြစ်သည်။

**ယနေ့ပွဲ**

ရှမ်း/တောင်နှင့် ကရင်

ရန်ကုန်နှင့် ဧရာဝတီ

ရခိုင်နှင့် မန္တလေး

စစ်ကိုင်းနှင့် ပဲခူး။

(ကြေးမုံ)



**အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းနှင့် ရခိုင်ပြည်နယ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။** (ဓာတ်ပုံ-စိုးညွန့်၊ကြေးမုံ)

# မင်းကင်းမြို့၌ မိုးရေချိန် စံချိန်သစ်တင်

နေပြည်တော် မေ ၁၄

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် မင်းကင်းမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၆၄မီလီမီတာ (၆ ဒသမ ၄၆ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၂၃ နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။

ယခင် စံချိန်ဟောင်းမှာ ၁၆၀ မီလီမီတာ (၆ ဒသမ ၃၀ လက်မ) ဖြစ်ပြီး မေ ၁၂ ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

# မွေးနေ့ဆုတောင်း

၁၅-၅-၂၀၀၇ ရက်မှာ ကျရောက်တဲ့ သမီးလေး **"ယသော်မျိုးဦး"** ရဲ့ နှစ်နှစ်မြောက်မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဉာဏ်ရည်ထက်မြက်၍ လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေးဖြစ်ပါစေ။

**ဖေဖေ - ဦးလှမျိုးဦး(လ/ထမန်နေဂျာ)**
**မေမေ - ဒေါ်ဇာဇာစိုး(မွေတော်သစ်ထုတ်လုပ်ရေး၊ တောင်ကြီး)**


# အောင်ချမ်းမြေ့

**ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း**

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြသင်ကြားသည်။ သက်သာမှန်ကန်သော နှုန်းထားသာယူသည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်မည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်မည်။ ရဲရဲကြီးအာမခံသည်။ ဆေးဆိုင်ဖွင့်နိုင်ရေးကူညီမည်။ အလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းလက်မှတ်ပေးမည်။ တစ်ယောက်ထိုင်ခုံနှင့် သန့်ရှင်းသော သင်တန်းခန်းများ၊ ဘော်ဒါဆောင်ရှိသည်။ လူဦးရေ ကန့်သတ်ထားသည်။ ကြိုတင်စာရင်းသွင်းပါ။

**'အောင်ချမ်းမြေ့' သင်တန်းကျောင်းရှေ့ဆက်၍ထပ်'ပေါက်' နေဦးမှာပဲလို့ ပြောဆိုဝေဖန်မှုအတွက် ကျေးဇူးပဲ။ စေတနာရှေ့ထား၍ ကူညီနေမှာပါ။**

*အပတ်စဉ်(၁၀၁) ၂၃-၅-၂၀၀၇ စမည်။ **နှစ်လအပြတ်သင်တန်း။** ဆေးဝါးကျွမ်းကျင် အကူ/သူနာပြုအကူသင်တန်း

**တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး (မှတ်ချက်။ ကျန်ရက်များပိတ်ရက်)**

| | | | | |
|---|---|---|---|---|
| Section (1) | AM 08:00 | to | 11:30 | (၁၅)ဦး |
| Section (2) | AM 09:00 | to | 12:30 | (၁၅)ဦး |
| Section (3) | PM 12:30 | to | 04:00 | (၁၅)ဦး |

*အပတ်စဉ်(၁၀၂)၂၆-၅-၂၀၀၇ စမည်။ **နှစ်လအပြတ်အထူးသင်တန်း။** ဆေးဝါးကျွမ်းကျင်အကူ/ သူနာပြုအကူသင်တန်း

**စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များပိတ်ရက်)**

| | | | | |
|---|---|---|---|---|
| Section (1) | AM 08:00 | to | 11:30 | (၁၅)ဦး |
| Section (2) | PM 12:30 | to | 04:00 | (၁၅)ဦး |

*အပတ်စဉ်(၁၀၃) ၂၇-၅-၂၀၀၇စမည်။ **သုံးလသင်တန်း။** ဆေးဝါးကျွမ်းကျင်အကူ/သူနာပြုအကူသင်တန်း

**တနင်္ဂနွေ တစ်ရက်တည်းသာ (မှတ်ချက်။ ကျန်ရက်များပိတ်ရက်)**

| | | | | |
|---|---|---|---|---|
| Section (1) | AM 08:00 | to | 12:30 | (၁၅)ဦး |
| Section (2) | PM 12:30 | to | 05:00 | (၁၅)ဦး |

*အပတ်စဉ်(၁၀၄) ၂၈-၅-၂၀၀၇ စမည်။ တစ်လအပြတ်အထူး သင်တန်း။ ဆေးဝါးကျွမ်းကျင် အကူ/သူနာပြုအကူသင်တန်း

**တနင်္လာမှ သောကြာနေ့စဉ် (မှတ်ချက်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်)**

| | | | | |
|---|---|---|---|---|
| Section (1) | AM 08:00 | to | 11:30 | (၁၅)ဦး |
| Section (2) | AM 09:00 | to | 12:30 | (၁၅)ဦး |
| Section (3) | PM 12:30 | to | 04:00 | (၁၅)ဦး |

အမှတ်-၁၆၊တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့်အလှိုင်းဝိုးရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဂမုန်းပွင့်ကုန်တိုက်အနီး။ **ဖုန်း-၀၉-၅၁၄၆၀၅၇၊ ၅၃၄၈၈၃၊ ၅၃၄၇၃၃** (am-7:00 to pm-9:oo) **ပိတ်ရက်မရှိပါ။** http://www.acmnursingtraining.com



# ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ တိုက်အမှတ်-၆၉ (ယခင်တိုက်အမှတ် ၆၆) ယုဇနကွန်ဒိုတာဝါ၊ အခန်းအမှတ် ၁၂၀၅(၁၂လွှာ) တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသဲထက်ဦး (၎င်း၏ ကိုယ်စားလှယ် ဒေါ်စောကလျာမိုး၊ [၁၂/တမန(နိုင်)၀၂၀၃၆၀] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး(LL.B)တရားရုံးချုပ်ရှေ့နေ**
**အခန်း-၅၊အမှတ်(၅၅)၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၄၉၆၃၆**




**မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က (၃) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်ပြန်/ဆက်)

# ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသ

# အရှိန်အဟုန်ဖြင့်တိုးတက်လာသောစက်မှုဇုန်များက စက်ပစ္စည်းအမယ်သစ်များ တိုးမြှင့်ထုတ်လုပ်ပေးနိုင် ပုံနှိပ်စက်အရန်ပစ္စည်းများကို ပြည်တွင်း၌တိုးမြှင့်ထုတ်လုပ်ပေးနိုင်ပါက ဈေးကွက်ကျယ်ပြန့်မှုရှိ

ရန်ကုန် မေ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်စက်အရန်ပစ္စည်းများခင်းကျင်းပြသပွဲတွင် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီးစက်အရန်ပစ္စည်းအရေအတွက်များစွာကို ထုတ်လုပ်ပေးနိုင်ခဲ့သဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဝယ်ယူသုံးစွဲနိုင်ခဲ့ကြောင်း၊ ယခုအခါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော စက်မှုဇုန်များ၏ အနေအထားအရ စက်ပစ္စည်းအမယ်သစ်များ ထပ်မံတိုးမြှင့်ထုတ်လုပ်ပေးနိုင်သည့် အခြေအနေရှိလာ၍ တိုးမြှင့်ထုတ်လုပ်ပေးသွားနိုင်ရေးသည် ပထမရည်ရွယ်ချက်ဖြစ်ကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ လုပ်ငန်းရှင်များနှင့် တစ်ဦးချင်းညှိနှိုင်းထုတ်လုပ်နေခြင်းထက် ယခုကဲ့သို့ ပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် မိမိတို့ဝန်ကြီးဌာနရှိ ပညာရှင်ဝန်ထမ်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးရှိအောင်မြင်မည်ဟု ယုံကြည်၍ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ရည်မှန်းဆောင်ရွက်နေရာတွင် စိုက်ပျိုးရေးကို အခြေခံပြီးစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပုံနှိပ်စက်ရုံများအနေဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၌ ရန်ကုန်မြို့တွင် လေးရုံ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪**





ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့်စက်အစိတ်အပိုင်းများ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ခင်းကျင်းပြသပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အကာ့ရှ်မုန်တိုင်း မောင်တောမြို့နှင့်စစ်တကောင်းမြို့ကြားမှ ကမ်းခြေကိုဖြတ်ကျော်ဝင်ရောက်မည်ဟုခန့်မှန်း

**နေပြည်တော် မေ ၁၄**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ် အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အကာ့ရှ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်ဘက်သို့ရွေ့လျားခဲ့ကာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းသို့ရောက်ရှိပြီး စစ်တွေမြို့၏အနောက်ဘက် မိုင်၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်အရှေ့ယွန်းယွန်းသို့ ရွေ့လျားပြီး ယနေ့ညနေပိုင်းမှ နောက် ၁၂နာရီ အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံစစ်တကောင်းမြို့တို့အကြားမှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟုခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာအနှံ့အပြား၊ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၈၀မှ မိုင်၁၀၀အထိတိုက်ခတ်နိုင်သည်။ မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဒီရေသည် လက်ရှိရေအမြင့်ထက် ၈ပေမှ ၁၀ပေခန့် ပိုမိုမြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

## ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

**နှလုံးနှင့်သွေးကြောရောဂါများ ကာကွယ်နည်း**

*** နှလုံးနှင့် သွေးကြောရောဂါများကို ရောဂါဖြစ်လျက်ရှိသောသူများနှင့် ဖြစ်နိုင်ခြေ အလားအလာရှိသူများကို ဖော်ထုတ်ကာ စနစ်တကျကြပ်မတ်၍ ကာကွယ်မှုများဆောင်ရွက်ပေးလျှင် ဤရောဂါများ ဖြစ်နှုန်းကျလာမည်ဖြစ်သည်။ ပြည်သူတစ်ရပ်လုံးကို ဦးတည်၍ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်သည့် ဓလေ့များလေ့ကျင့်ပေးနိုင်လျှင် နိုင်ငံတစ်ဝန်းကြီးမားသော ကျန်းမာရေးအကျိုးဆက်ကို ခံစားရမည်။**

ပါမောက္ခဒေါက်တာဒေါ်ခင်မေစန်း၏ "နှလုံးနှင့် သွေးကြောရောဂါများ ကာကွယ်နည်း" (ဆောင်းပါး) စာမျက်နှာ-၃

## ယနေ့ မိုးလေဝသ

**၁၄-၅-၂၀၀၇**

**နေပြည်တော်**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။**

**မန္တလေး**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**